ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ကြာသပတေးနေ့ (5-12-2013) (၇၆၇၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး မစ္စရင်လပ်ရှင်နာဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အက်စ် အကွီနို(၃)၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများနှင့်ဖိလစ်ပိုင်နိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Maria Lourdes M. Salcedo တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



# ခြင်းလုံးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်၊ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ဆု စတင်ဆွတ်ခူး



တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်
ဓာတ်ပုံ - ALEZ

ပထမ ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သော မြန်မာ အမျိုးသား/အမျိုးသမီးခြင်းလုံးအားကစားသမားများ အောင်ပွဲခံနေစဉ်။

## ရွှေတံဆိပ်ဆုများ စတင်ရယူပေးခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံး အားကစားသမားများ ပီတိဝေဖြာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိခဲ့ချိန်တွင် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲ၌ အားကစားနည်း လေးမျိုးပါဝင်ထည့်သွင်းခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ခြင်းလုံးအားကစားအနေဖြင့် သုံးမျိုးကိုပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

**မြန်မာ့ဂုဏ်**

ယင်းသို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် အားကစားနည်းသုံးမျိုးထဲမှ အခြေခံအဆင့်အထိ ခြောက်ချက်အတွဲပြိုင်ပွဲအဖြစ် အမျိုးသားတစ်သင်းနှင့် အမျိုးသမီးအသင်းတစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ၌ အမျိုးသားအသင်းရော အမျိုးသမီးအသင်းပါ အာရှတွင်မြန်မာဟု ဂုဏ်ယူဝင့်ကြွားစေမည့် ပထမဆုံးရွှေတံဆိပ်ဆုများကို မြန်မာမြေတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းဖြင့် မြန်မာ့ဂုဏ်ကို ထင်ဟပ်စေခဲ့ပြီဖြစ်သည်။

ထိုသို့ အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆုများ ရယူပေးခဲ့သည့် အမျိုးသမီးအခြေခံအဆင့်အထိ ခြောက်ချက်အတွဲ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



**ကြေးမုံ စာတည်းရှုထောင့် ၅-၁၂-၂၀၁၃၊ ကြာသပတေးနေ့**

# ရွှေရောင်အိပ်မက်မှသည် အမှန်တကယ်ဆီသို့

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ အားကစားပြိုင်ပွဲစဉ်အချို့ကို ယနေ့မှစတင်၍ ကျင်းပနေပြီဖြစ်သည်။ ယခုကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ပြိုင်ပွဲကြီးဖြစ်ရာ အားကစားသမားများနှင့်တကွ မြန်မာပရိသတ်များအတွက်ပါ စိတ်ဝင်တစားနှင့် တက်ကြွမှုအရှိဆုံး မြန်မာတို့၏ ပွဲတော်ကြီးဟုလည်း ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၆၉ ခုနှစ်က (၅)ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပနိုင်ခဲ့ပြီးနောက် နှစ်ပေါင်း ၄၄ နှစ်ကြာမြင့်သည့် ယနေ့ကာလတွင်မှ တစ်ကျော့ပြန်ပြန်လည်ကျင်းပခွင့်ရခဲ့ရာ နိုင်ငံနှင့်လူမျိုးအတွက် များစွာဝမ်းမြောက်ပီတိဖြစ်ရပေသည်။

အိမ်ရှင်နိုင်ငံအဖြစ်ပိုမိုထူးကဲသည့် ထူးခြားမှုအဖြစ် ယနေ့ကျင်းပသည့် အမျိုးသား၊ အမျိုးသမီးခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားခြင်းလုံး အဖွဲ့နှင့်အမျိုးသမီးခြင်းလုံးအဖွဲ့တို့က ရွှေတံဆိပ်ဆုများကို ဆွတ်ခူးနိုင်ခဲ့ပေရာ ပွဲဦးထွက်မင်္ဂလာအောင်ပွဲသစ်ဟု ဆိုရပေမည်။

အတွဲလိုက်ခြင်းလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာက ပထမဆုကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာ့အားကစား ရွှေရောင်အိပ်မက်ကို စတင်ပြီး အမှန်တကယ်စွမ်းဆောင်ပြလိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အမျိုးသမီးပွဲတွင် ထိုင်းက ဒုတိယငွေတံဆိပ်ဆုကိုရရှိခဲ့ပြီး မလေးရှားနှင့်လာအိုတို့က ပူးတွဲတတိယဆု ရရှိသွားကြသည်။ အမျိုးသားပွဲတွင် ထိုင်းက ဒုတိယငွေတံဆိပ်ဆုနှင့် မလေးရှားနှင့် လာအိုတို့က ပူးတွဲတတိယဆုကြေးတံဆိပ်တို့ကို ရရှိခဲ့ပေသည်။

ဆက်လက်၍ ဒီဇင်ဘာ ၅ ရက်၊ ၇ ရက်၊ ၉ ရက်နေ့များတွင် ခြင်းလုံးအခြားပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာခြင်းလုံးအားကစားသမားများ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ရေးအတွက် ကျွန်ုပ်တို့ပြည်သူအားလုံးက ဝိုင်းဝန်းအားပေးကြရပေလိမ့်မည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် ကမ္ဘာ့အတိုင်းအတာနှင့် နှိုင်းယှဉ်လျှင် ဒေသဆိုင်ရာ အားကစားပြိုင်ပွဲတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်သော်လည်း အရှေ့တောင်အာရှသား အားကစားသမားများအတွက်မူ အားကစားထူးချွန်မှု၊ စံချိန်စံညွှန်းအရည်အသွေးများအရ အာရှအဆင့်၊ ကမ္ဘာ့အားကစားပြိုင်ပွဲအဆင့်များသို့ တက်လှမ်းရာ ကြားခံစင်မြင့်တစ်ခုဖြစ်ပေသည်။

ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသော ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ၁၁ ဆုရရှိခဲ့ပြီး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သော ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ၃၅ ခုရရှိကာ နိုင်ငံအလိုက် ပထမနေရာမှ ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။

၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ထပ်မံလက်ခံကျင်းပပေးနိုင်ခဲ့ပြီး ရွှေတံဆိပ် ၅၇ ခုရရှိကာ နိုင်ငံအလိုက်တွင် ပထမနေရာမှပင် ထူးချွန်အောင်မြင်စွာရပ်တည်နိုင်ခဲ့သည်။ ထို့နောက် ၁၉၆၅နှင့် ၁၉၆၇ ခုနှစ်တွင် စတုတ္ထ၊ ၁၉၆၉ ခုနှစ်တွင် ပထမ၊ ၁၉၇၁နှင့် ၁၉၇၃ခုနှစ်တွင် စတုတ္ထ၊ ၁၉၇၅ နှင့် ၁၉၇၉ခုနှစ်တွင် တတိယနှင့် ၁၉၇၇ ခုနှစ်တွင် စတုတ္ထနေရာတို့တွင် ရရှိခဲ့ပြီးနောက် မြန်မာ့အားကစားမှာ နိုင်ငံအလိုက်အဆင့်တွင်ကျဆင်းခဲ့ရသည်။

နှစ်ပေါင်းများစွာ အောင်မြင်မှုနှင့်ဝေးကွာခဲ့သော မြန်မာ့အားကစားကို ယနေ့အစိုးရသစ်လက်ထက်တွင် အားပေးမြှင့်တင်ပေးမှုနှင့် မြေတောင်မြှောက်ပေးမှုတို့ကြောင့် အားကစားစွမ်းရည်မှာ မြင့်မားလာခဲ့သည်။ ထို့ထက်ထူးကဲ၍ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခွင့်ရရှိထားသောအခါ မြန်မာ့အားကစားကို နိုင်ငံအဆင့်ရှေ့တွင်တင့်အောင် အားထုတ်ကြိုးပမ်းကြရတော့မည်။

အဆိုပါတာဝန်သည် ပြည်သူနှင့်ယှဉ်၍၊ နိုင်ငံနှင့်ယှဉ်၍၊ အမျိုးသားရေးနှင့်ယှဉ်၍ အားထုတ်ကြိုးပမ်းရမည့် အမျိုးသားရေးအားကစားပြိုင်ပွဲကြီးဖြစ်၍ ရွှေရောင်အိပ်မက်များ အမှန်တကယ်လက်တွေ့ဖြစ်ပေါ်အောင် တက်ညီလက်ညီဖော်ဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများ၏ အလယ်အလတ်အဆင့်အရာရှိများနှင့် အကြီးတန်းအရာရှိများ၏ အင်္ဂလိပ်စာကျွမ်းကျင်မှု အရေး၊ အဖတ်၊ အပြော၊ နားထောင်စွမ်းရည်များမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်နိုင်ငံသံရုံး ရန်ကုန်မြို့နှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော English for Specific Purposes (ESP)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အမှာစကားပြောကြားရာတွင် သိပ္ပံ၊ သတင်းအချက်အလက်၊ နည်းပညာ၊ ပညာရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုနယ်ပယ်အသီးသီးတွင် အင်္ဂလိပ်စာကို အသုံးချလာကြကြောင်း၊ အင်္ဂလိပ်စာသည် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီး၏ လုပ်ငန်းနယ်ပယ်အသီးသီးကို ပိုမိုတိုးတက်လာစေရန် အထောက်အကူလည်းဖြစ်စေကြောင်း၊ ယခုသင်တန်းသည် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုကို အချိန်ကာလတို တစ်ခုအတွင်းမှာ တိုးတက်အောင် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်တိုးတက်လာအောင် အထောက်အကူပြုပြီး အခြားသူများနှင့် တန်းတူယှဉ်နိုင်အောင် အကူအညီပေးမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားသည့်တိုင် အင်္ဂလိပ်စာကို ပိုမိုတိုးတက်လာစေရန် ဆက်လက်လေ့လာသွားကြရန်နှင့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် အင်္ဂလိပ်စာကို ထိရောက်စွာ အသုံးချနိုင်ရန်အတွက် လေ့လာခြင်းကို ဆက်လက်ကြိုးပမ်းအားထုတ်သွားရန် ပြောကြားသည်။

ထို့နောက် အမေရိကန်နိုင်ငံမှ ပါမောက္ခ Mr.Joseph Vignos က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ သင်တန်းကာလမှာ ဒီဇင်ဘာ ၁၁ ရက်အထိဖြစ်ပြီး သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၄

| | | | |
|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၄၈၄၀၀ | - | ၆၄၉၄၀၀ |
| မန္တလေး ရွှေဈေး | ၆၄၈၀၀၀ | - | ၆၄၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၈၂. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၃၄. ၅ |
| (ဂ) စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၃. ၂၅ |
| (ဃ) တရုတ် | တစ်ယွမ် | = ၁၆၁. ၁၈ |
| (င) ထိုင်း | တစ်ဘတ် | = ၃၀. ၅၄၄ |
| (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၀၅. ၅၉ |
| (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၅. ၇၄၁ |
| (ဇ) ဂျပန် | တစ်ရာယန်း | = ၉၅၇. ၄၄ |
| (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၄၈၉ |
| (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၁. ၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



# စာဆိုတော်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် ၁၃၀၆ ခုနှစ်မှစတင်၍ သတ်မှတ်ခဲ့သည်။ နေပြည်တော် ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းမှ စာတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ စာရေးဆရာအသင်းရုံး အမှတ်(၁) မြို့မဈေးအပေါ်ထပ်၌ ကျင်းပခဲ့သည်။

စာဆိုတော်နေ့အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမြင့်လွင် (စံကောင်း)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှ ပေးပို့သော သဝဏ်လွှာကို စာရေးဆရာ ဦးထွန်းကျော်မင်း(ကိုကြီးကျော်)က ဖတ်ကြားပြီး အသက်(၇၅)နှစ်အထက် စာရေးဆရာကြီးများအား ကန်တော့လက်ဆောင်ပေးအပ်၍ ကန်တော့ခံစာရေးဆရာ ဦးကျော့ရှင်း(သုတကျော်)က ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စာရေးဆရာအဖွဲ့ဝင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ဦးကျော်-ပျဉ်းမနား**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၁၂-၂၀၁၃ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "နိဗ္ဗာန်သို့ညွှတ်သော"တရားတော် [ဆရာတော်ဘဒ္ဒန္တကုန္ဒောဘာသမဟာထေရ် (အနိစ္စဆရာတော်)] |
| ၆း၂၀ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး"(အပိုင်း-၃၂) |
| ၇း၂၀ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၉) |
| ၉း၀၅ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၁၅) |
| ၉း၅၀ | **MRTV**-4 ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၂၁) |



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိ

**မနီလာ ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ Mr.Jejomar Binay နှင့် အဖွဲ့ဝင်များ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲမြင့်အောင်နှင့် တာဝန်ရှိသူများက နီနွိုင်းအကွီနို (Ninoy Aquino) အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မနီလာဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။

**(သတင်းစဉ်)**



**❍ နိုင်ငံတကာမှ**

တည်ဆောက်ဆဲ သံဃာ့ကျောင်းဆောင်သစ်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် လားရှိုးတက္ကသိုလ်သို့ ရောက်ရှိရာ ကမ္ဘောဇခန်းမ၌ တက္ကသိုလ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ တာဝန်ခံ ပါမောက္ခချုပ်က ရှင်းလင်းတင်ပြသည်။

တင်ပြချက်နှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လက်ရှိမြန်မာနိုင်ငံ၏ ပညာရေးအခြေအနေကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က ဆရာ ဆရာမများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည်နှင့်အညီ လိုအပ်သည်များကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားများ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင်နှင့် အရည်အသွေးမြင့်မားလာအောင် ဆရာများအပိုင်းက ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံများတိုးချဲ့ဆောက်လုပ်နိုင်ရေး လိုအပ်သည့် ဘတ်ဂျက်ငွေကို လုပ်ထုံးလုပ်နည်းအတိုင်းတင်ပြရန်နှင့် နိုင်ငံတော်အပိုင်းက ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆရာများနှင့် ကျောင်းသားများအနေဖြင့် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အရည်အသွေးတိုးတက်မြင့်မားလာအောင် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် လားရှိုးပညာရေးကောလိပ်သို့ရောက်ရှိရာ ကွန်ပျူတာခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပညာရေးကောလိပ်အတွင်း အဆောက်အအုံများ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး နမ္မတူလမ်းဆုံအနီးရှိ ယဉ်ကျေးမှုကွင်းလျာထားသည့် မြေနေရာကို သွားရောက် ကြည့်ရှုခဲ့သည်။

အဆိုပါပညာရေးကောလိပ်သည် လားရှိုး-နမ္မတူ လမ်းမကြီးဘေး နမ့်ပါချီးရပ်ကွက်တွင်တည်ရှိပြီး ပညာရေးလောကသစ်တည်ဆောက်ရာတွင် ယုံကြည်ချက်မှန်ကန်၍ ခံယူချက်ပြည့်ဝကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်မည့် ဆရာကောင်းများ ပေါ်ထွန်းလာရေးအတွက် ပြုစုပေးရန် ရည်ရွယ်လျက် ၂၀၁၃-၂၀၁၄ပညာသင်နှစ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၈/၁၃) ပထမနှစ်ကို သင်တန်းသား ၅၀၊ သင်တန်းသူ ၁၆၄ ဦး စုစုပေါင်း ၂၁၄ ဦးဖြင့် ယခုလ ၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ပြုလုပ်သည့်မျက်စိ၊ သွားနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသခွဲစိတ်ပေးရန်အတွက် ပံ့ပိုးလှူဒါန်းသော စေတနာရှင်များနှင့် အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်ပေးခဲ့သည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးခင်ရီနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စေတနာရှင် အလှူရှင်များနှင့် အထူးကု ဆရာဝန်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် အခမဲ့ စမ်းသပ်ကုသခွဲစိတ်ရန်အတွက် ဂရိတ်ဝေါလ်ကုမ္ပဏီက ပံ့ပိုးငွေ ကျပ်သိန်း ၅၀၀၊ လားရှိုးမြို့ ပါဝါဟိုတယ်က ၁၄ ဒသမ ၅ သိန်းနှင့် ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုပွဲတွင် ဒုတိယသမ္မတက ဆေးရုံကြီးများအထိ သွားရောက်ပြသကုသမှုခံယူနိုင်သည့် အခြေအနေမျိုး၊ သွားရေးလာရေး၊ ငွေရေးကြေးရေး အခက်အခဲရှိကြသည့်အတွက် ကျေးလက်တောရွာ အပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသရှိ လူနာများနှင့် မျက်စိအထူးကုဆရာဝန်များအဖွဲ့ တွေ့ဆုံကုသမှုပေးနိုင်အောင် စီစဉ်ပေးထားခြင်းဖြစ်ပါကြောင်း၊ စမ်းသပ်ကုသမှုပေးကြသည့် မျက်စိအထူးကုဆရာဝန်အဖွဲ့၊ ကုန်ကျစရိတ်အဝဝကို တာဝန်ယူပေးသည့် စေတနာရှင်မိသားစုများနှင့် ကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့လာမည့်ကာလများအတွင်း ကျန်ရှိနေသေးသည့် မျက်စိဝေဒနာရှင်များ အပါအဝင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအတွက် လိုအပ်သည့်စစ်ဆေးခွဲစိတ်ကုသမှုများကို အခြေအနေပေးပါက လိုအပ်သလို ထပ်မံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ လားရှိုးဒေသရှိ မျက်စိဝေဒနာပြသသူစုစုပေါင်း ၃၉၈၃ ဦး ရှိခဲ့ပြီး ခွဲစိတ်သူ ၁၇၂ ဦး၊ မျက်မှန်ပြုလုပ်သူ ၈၆၄ ဦးနှင့် ဆေးဝါးကုသသူ ၉၂၉ ဦးရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဆူရာပွန်တိုဗီ ချက်ခ်ချိုင်ကူးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသံအမတ်ကြီး ခန့်အပ်ခြင်းအား သဘောတူပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုလံဘီယာသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်အား ခန့်အပ်ရန် ကိုလံဘီယာသမ္မတနိုင်ငံအစိုးရမှအဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ၁၉၈၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများ လေ့လာရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး ၁၉၇၇ခုနှစ်တွင် ကိုလံဘီယာအမျိုးသားတက္ကသိုလ်မှ ဥပဒေ၊ လူမှုရေးနှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်များဖြင့် ပါရဂူဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ကိုလံဘီယာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် ၎င်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များဆိုင်ရာ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂလက်နက်ဖျက်သိမ်းရေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ ကိုလံဘီယာနိုင်ငံ ဒုတိယအမြဲတမ်း ကိုယ်စားလှယ်/သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၆ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ စပိန်နိုင်ငံ မဲဒရစ်မြို့နှင့် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ကိုလံဘီယာသံရုံးတို့တွင် သံရုံးဒုတိယအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ် မေလမှစတင်၍ ထိုင်းနိုင်ငံဆိုင်ရာ ကိုလံဘီယာနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီရာ ဂွန်ဇာလက်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

**ရန်ကုန် ဒီဇင်ဘာ ၄**

# နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော အားကစားသမားကြီးများကို ပန်းချီ၊ ပန်းပုဖြင့် ဂုဏ်ပြု

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တစ်ခေတ်တစ်ခါက နိုင်ငံတော်အတွက် အလေးမအားကစားနည်းဖြင့် ရွှေတံဆိပ် ၁၃ ဆု ရယူပေးခဲ့သော ဦးစန်းမြင့်၊ တင်းနစ်အားကစားနည်းဖြင့် ရွှေတံဆိပ် လေးဆုရယူပေးခဲ့သော ဦးမောင်မောင်လေး၊ ပြေးခုန်ပစ်အားကစားနည်းဖြင့် ရွှေတံဆိပ် လေးဆုစီရယူပေးခဲ့သော ဒေါ်အေးရွှေ၊ ဦးမောင်လှနှင့် ဘော်လီဘော အားကစားနည်းဖြင့် ရွှေတံဆိပ် သုံးဆုရယူပေးခဲ့သော ဦးစိုးသိန်းတို့အား ပန်းချီဆရာရွှေမြင့်၊ ပန်းချီဆရာသာစန်းတို့က ပုံတူပန်းချီဖြင့်လည်းကောင်း၊ ပန်းပုဆရာ ကျော်ကျော်မင်းက ပုံတူပန်းပုဖြင့်လည်းကောင်း ရေးဆွဲထုဆစ်ဂုဏ်ပြုပွဲကို သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားရုံ(၁) ပထမထပ်၌ ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြုလုပ်လျက်ရှိသည်။

**(တင်ဝင်းလေး- ကြည့်မြင်တိုင်)**



**❐ ကျောဖုံးမှ**

လုပ်ကိုင်မှုတွေလည်း ကောင်းလာရင် FFF အနေနဲ့ ဒီထက်ပိုပြီး ဆက်လက်ကူညီထောက်ပံ့သွားဖို့ရှိပါတယ်”ဟု MERN မှ တာဝန်ရှိသူ ဦးအောင်သန့်စင်က ပြောသည်။

အဆိုပါစီမံကိန်းအား ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ်၊ ရှမ်းပြည်နယ်ရှိ နောင်ချိုအင်းလေးဒေသ၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဥတို၊ ဘိုကလေး၊ ကဒုံကနီ၊ ပြင်ဒရယ်ကြီးဝိုင်း၊ မိန်းမလှကျွန်းအနီးပတ်ဝန်းကျင်ဒေသများတွင် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သီဟသူ)**

# အာတိတ်ဒေသ ရုရှားစစ်အင်အားဖြည့်တင်းရန်လိုအပ်ကြောင်း ပူတင်ပြောကြား

**မော်စကို ဒီဇင်ဘာ ၄**

ရုရှားနိုင်ငံသည် အာတိတ်ဒေသရှိ ၎င်း၏စစ်အင်အားကို ဖြည့်တင်းရန်လိုအပ်သော အဓိကအကြောင်းအရာမှာ ယင်းဒေသအတွင်းမှ အမေရိကန်ရေတပ်၏ စွမ်းပကားကြောင့်ဖြစ်ကြောင်း သမ္မတဗလာဒီမာပူတင်က အင်္ဂါနေ့တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့်ရုရှားနိုင်ငံတို့အကြား ပြဿနာတစ်စုံတစ်ရာဖြစ်မည်ဟု ၎င်းကတွေးမကြည့်ကြောင်း ပူတင်က ပြောကြားသည်။ သို့သော်လည်း ၎င်း၏ ပွင့်ပွင့်လင်းလင်း ပြောကြားမှုသည် အမေရိကန်၏ ရည်မှန်းချက်များကို သတိထားလျက်ရှိခြင်းမှ ရိုက်ခတ်လာခြင်းဖြစ်သည်။

ကျောင်းသားများနှင့် တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရုရှားနှင့် အခြားသော နိုင်ငံတို့သည် အာတိတ်ဒေသကို စွန့်လွှတ်ခြင်း ရှိမရှိနှင့် ပတ်သက်၍ သဘောထားတောင်းခံရာမှ ပူတင်က ယင်းသို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

အမေရိကန်ဒုံးကျည်များသည် မော်စကိုသို့ ဘာရင့်ပင်လယ်ပြင်မှနေ၍ ၁၅မိနစ်၊ ၁၆မိနစ်အတွင်း ရောက်ရှိလာနိုင်ကြောင်းကို ကျွမ်းကျင်သူများ ကောင်းစွာသိရှိကြကြောင်း ရုရှားကမ်းခြေအနီး အာတိတ်သမုဒ္ဒရာပိုင်းကို ရည်ညွှန်း၍ ပူတင်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက နျူကလီးယားလက်နက်များ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောများ တည်ရှိမှုနှင့် စပ်လျဉ်း၍ ထုတ်ဖော်ပြောကြားခဲ့သော်လည်း နိုင်ငံတကာရေပြင်တွင် ကင်းလှည့်နေကြသည်ဟု ယူဆရသည်။

အာတိတ်ဒေသသည် ရုရှားနိုင်ငံ၏ စီးပွားရေးနှင့် လုံခြုံရေးတို့အတွက်အရေးပါကြောင်းပူတင်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသာမက အခြားနိုင်ငံများနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံအတွက် လိုအပ်ကြောင်း အလေးအနက်ပြောကြားနေစဉ်မှာပင် မော်စကိုသည် အမေရိကန်ရေတပ်တည်ရှိမှုကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောဆိုခဲ့သည်။**အေပီ။**



အမေရိကန်ရေငုပ်သင်္ဘောတစ်စင်း အာတိတ်သမုဒ္ဒရာ၌ ရေခဲပြင်အနီး ကျောက်ချထားသည်ကို တွေ့ရစဉ်။

## အာဖဂန်နစ္စတန်တွင် ၂၄ နာရီအတွင်း စစ်သွေးကြွ ၂၇ ဦး ချေမှုန်းနိုင်ခဲ့

**ကဘူး ဒီဇင်ဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများကို ချေမှုန်းလျက်ရှိရာ ၂၄ နာရီအတွင်း စစ်သွေးကြွ ၂၇ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီကျော်က ကဘူး၊ လက်ချ်မန်း၊ ကန်ဒါဟာ၊ ဇာဘူးနှင့် ဟဲလ်မန်ပြည်နယ်တို့တွင် အကြမ်းဖက်သမားများကို နှိမ်နင်းခဲ့ကြောင်း၊ စစ်ဆင်ရေးတွင် လက်နက်ကိုင်စစ်သွေးကြွ ၂၇ဦးသေဆုံးကြောင်း၊ခြောက်ဦးဒဏ်ရာရရှိကာ လေးဦးကို လက်ရဖမ်းဆီးရမိကြောင်း၊ အာဖဂန်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ ပူးပေါင်းကာ စစ်ဆင်ရေးပြုလုပ်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

စစ်ဆင်ရေးအပြီးတွင် စစ်သွေးကြွများထံမှ လက်နက်များ သိမ်းဆည်းရမိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ သေကျေဒဏ်ရာရရှိမှုနှင့် ပတ်သက်၍မူ ပြောကြားခြင်း မရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

## ကိုလံဘီယာ ယာသမားများ အစိုးရစိုက်ပျိုးရေးမူဝါဒကို ကန့်ကွက်

**ဘိုဂိုတာ ဒီဇင်ဘာ ၄**

ထောင်ပေါင်းများစွာသော ကိုလံဘီယာ ယာသမားများသည် စက်တင်ဘာလအတွင်းက သဘောတူညီခဲ့သည့် အချက်များကို လိုက်နာပါရန် အစိုးရအားတောင်းဆိုလျက် မြို့တော်ဘိုဂိုတာ၏လမ်းများတွင် လမ်းလျှောက်ချီတက်ကြကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခင်ကပေါ်ပေါက်ခဲ့သည့် ဆန္ဒပြပွဲကို အဆုံးသတ်စေရန်အတွက် သဘောတူညီခဲ့သော အချက် ၈၈ ချက်အနက် ကိုလံဘီယာအစိုးရသည် ၇၂ချက်ကို ချိုးဖောက်ခဲ့ကြောင်း ယာသမားများ၏ခေါင်းဆောင်များက ပြောကြားသည်။

အရာရာတိုင်းသည် ယခင်ကထက်ဆိုးရွားလာကြောင်း ယာသမားခေါင်းဆောင်တစ်ဦးဖြစ်သူ ဘီဇာပါချွန်က ပြောသည်။ အစိုးရ၏စိုက်ပျိုးရေးမူဝါဒသည် ၎င်းတို့ကို ဒေဝါလီခံစေရန် တွန်းပို့လျက်ရှိကြောင်း ယာသမားများက ဩဂုတ်လတွင် ပြောကြားခဲ့သည်။



ကိုလံဘီယာတောင်သူလယ်သမားများ ဆန္ဒပြနေကြစဉ်။

မကြာသေးမီက အာဏာသက်ဝင်လာသော ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုတို့နှင့် ချုပ်ဆိုခဲ့သည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကြောင့် ၎င်းတို့ယှဉ်ပြိုင်နိုင်စွမ်းမရှိသော ဈေးနှုန်းများဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်အတွင်းသို့ အလျှံပယ်ရောက်ရှိလာကြောင်း ၎င်းတို့ကပြောကြားသည်။

လောင်စာဆီတိုးမြှင့်လာခြင်းနှင့်ကုန်ကျစရိတ်တိုးလာခြင်းတို့သည်အသေးစားလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ဆုံးရှုံးမှုများဖြစ်စေကြောင်းလည်း ၎င်းတို့က တိုင်တန်းခဲ့ကြသည်။

စိုက်ပျိုးရေးထုတ်ကုန်များ ဈေးနှုန်းမြှင့်တင်ပေးခြင်း၊ ယာ သမားများကို ဖိအားလျော့ကျစေရန်အတွက် ချေးငွေများ ပိုမိုပေးခြင်းစသည်တို့ပါဝင်သောနည်းလမ်းများကို အစိုးရကကြေညာပြီးသည့်နောက် ဆန္ဒပြပွဲပြီးဆုံးခဲ့သည်။

ယင်းတို့အပြင် ပြည်ပမှဈေးနှုန်းသက်သာသောပစ္စည်းများ တင်သွင်းခြင်းမှ ကာကွယ်ပေးမည်ဟုလည်း ကတိပေးခဲ့သည်။သို့သော်အသေးစားတောင်သူလယ်သမားများသည် ၎င်းတို့၏ထွက်ကုန်ကိုကုန်ကျစရိတ်ထက်နည်းပါးသော ဈေးနှုန်းဖြင့် ရောင်းရလျက်ရှိကြောင်း ပါချွန်ကပြောကြားသည်။

ဈေးကွက်အတွင်း၌ သွင်းကုန်ပစ္စည်းများ အလျှံပယ်ပေါ်များလျက်ရှိပြီး တောင်သူလယ်သမားများမှာ ဘဏ်များသို့ အကြွေးအမြောက်အမြားတင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ကိုလံဘီယာစိုက်ပျိုးရေးဝန်ကြီးကမူအစိုးရသည် သဘောတူညီချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိကြောင်း ငြင်းဆိုသည်။ **ဘီဘီစီ။**



## ကျူးဘားမြို့တော်တွင် မိုးသည်းထန်စွာရွာ၊ အဆောက်အအုံ ၂၀၀ ကျော်ပျက်စီး၊ နှစ်ဦးသေဆုံး

**ဟာဗာနား ဒီဇင်ဘာ ၄**

ကျူးဘားနိုင်ငံ မြို့တော်ဟာဗာနားတွင် သုံးရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းရာ အဆောက်အအုံ ၂၀၀ ကျော် ပျက်စီးသွားကြောင်း အစိုးရ သတင်းစာဂရန်မာက ဒီဇင်ဘာ ၄ ရက်တွင် ဖော်ပြသည်။

ဟာဗာနားမြို့ရှိ ဒေသခြောက်ခုတွင် မိုးသည်းထန်စွာ ရွာသွန်း၍ အဆောက်အအုံ ၂၆ လုံး ပျက်စီးသွားကြောင်း၊ ၂၀၁လုံးပြိုကျကြောင်း၊ လူနှစ်ဦးသေဆုံး၍ မိသားစု ၆၂၇စု အိုးမဲ့အိမ်မဲ့ဖြစ်ကြရကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်ဟု သတင်းတွင် ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့ဖြစ်မှုကြောင့် ဒုက္ခရောက်နေရသော ပြည်သူ ၈၄၁ဦးကို ယာယီအမိုးအကာများအောက်သို့ တာဝန်ရှိသူများက ဘေးကင်းစွာရွှေ့ပြောင်းပေးလိုက်ကြောင်း၊ လူပေါင်း ၁၃၉၉ ဦး အား ဆွေမျိုးများ၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းများထံ ရွှေ့ပြောင်းနေထိုင်ရန် စီစဉ်ပေးထားကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းက ဖော်ပြသည်။

**ဆင်ဟွာ။**

















# ဧရာဝတီတိုင်းဒေသကြီး ငရုပ်ကောင်းမြို့၌ စက်ရုံစီမံကိန်း တည်ဆောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံပြီး ပုသိမ်မြို့ စက်မှုဇုန်၌ ကျင်းပသည့် HAKERS ENTERPRISE MYANMAR Co.,Ltd. ၏ အထည်ချုပ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် အမှတ်(၃၆)အကြီးစား စက်ရုံ(ကျောက်ဆည်)၏ မှန်ထုတ်လုပ်ရေးဌာန(ပုသိမ်)သို့ ရောက်ရှိပြီး မှန်ရည်ကျိုမီးဖိုတည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ငရုပ်ကောင်းဒေသသို့ သွားရောက်၍ စက်ရုံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ငရုပ်ကောင်းမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် ငရုပ်ကောင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံတစ်ရုံ ဆောက်လုပ်နိုင်မည့်မြေနေရာကို လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရသည် ဒီမိုကရေစီ အစိုးရဖြစ်သည်နှင့်အညီ အစိုးရပိုင်လုပ်ငန်းများ လျှော့ချပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရန် အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူထုဆန္ဒကိုဆန့်ကျင်ပြီး ဆောင်ရွက်ရန်မရှိကြောင်း၊ ငရုပ်ကောင်းဒေသအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ဖက်တွယ်ပြီး ခေတ်နောက်ကျကျန်ရစ်တာမျိုးမဖြစ်စေချင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့ဆန္ဒမဆန့်ကျင်ဘဲ၊ ပြည်သူက လက်ခံသည့် ဒေသဖွံ့ဖြိုးမှုများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးဖြင့် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေးသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ထားပြီး စက်ရုံတစ်ရုံတည်ဆောက်နိုင်ရေး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂေါ်ရင်ဂျီကျွန်းမှထွက်ရှိသည့် ထုံးကျောက်နှင့် ဒေသထွက်ဆားများကို အဓိကအသုံးပြုသွားမည်ဖြစ်၍ အခက်အခဲဖြစ်နေသည့် ဆားတောင်သူများ၏ ဘဝကိုလည်း ကူညီဖြေရှင်းပေးရာရောက်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်နိုင်ခြေလေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် မရှိမဖြစ်၊ မလုပ်မဖြစ်လုပ်ဆောင်ရမည့် စီမံကိန်းတစ်ခုကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လူမှုစီးပွားဘဝ ထိခိုက်မှု ဆန်းစစ်လေ့လာချက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်လေ့လာချက်တို့ကို အထူးဂရုပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ လွှပ်စစ်နှင့်စက်မှုဝန်ကြီးဌာန ဦးစောမြသိန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်တို့က စက္ကူစက်ရုံ (သာပေါင်း) တည်ဆောက်ခဲ့မှုကြောင့် ဒေသခံပြည်သူများအလုပ်အကိုင်ရရှိခဲ့မှုများနှင့် ဒေသအကျိုးပြုခဲ့ပုံများ၊ ယခုတည်ဆောက်မည့် စက်ရုံကြောင့် ဒေသ ဖွံ့ဖြိုးရေးတိုးတက်လာမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများအတွက် စက်မှုဝန်ကြီးဌာနနှင့် ဖက်စပ်ကုမ္ပဏီများမှ ထုတ်လုပ်သော သက်န်း၊ စောင်၊ ခြင်ထောင်၊ အင်္ကျီ၊ ပုဆိုး၊ လုံချည်၊ စတီးပစ္စည်းများနှင့် ကွေ့ရည်သုတ်ပစ္စည်းမျိုးစုံ ၁၁ သိန်းကျော်ဖိုးကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဆီးဂိမ်းကာလအတွင်းတယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးများ ပိုမိုလျင်မြန်စွာသုံးစွဲနိုင်မည်

## "Urgent Project for Communications Networks" စီမံကိန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၏အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် "ဆက်သွယ်ရေးကွန်ရက်များ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" "Urgent Project for Communications Networks" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Network Operation Center အဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ မိကီအိုနူမားတား၊ ဂျပန်နိုင်ငံ ဆက်သွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဒေသတာဝန်ခံ၊ စီမံကိန်းတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဂျပန်နိုင်ငံကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါစီမံကိန်းတွင် ရန်ကုန်-နေပြည်တော်-မန္တလေး (30Gbps) Backbone Network အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် (10Gbps) Metro Network များ တည်ဆောက်ခြင်းလုပ်ငန်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် High Speed Broad Band Access (LTE) စနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ Internet Access များ လွယ်ကူလျင်မြန်စေရေးအတွက် စက်ပစ္စည်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် Internet Gateway အဆင့်မြှင့်တင်ခြင်းစသည့်လုပ်ငန်းများပါဝင်ပြီး စီမံကိန်းစုစုပေါင်းတန်ဖိုးမှာ ဂျပန်ယန်းငွေ ၁ ဒသမ ၇၁ ဘီလီယံဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအား ဆီးဂိမ်းမတိုင်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဆီးဂိမ်းကာလအတွင်း တယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးများ ပိုမိုလျင်မြန်စွာ သုံးစွဲလာနိုင်မည့်အပြင် မြန်မာနိုင်ငံ၏အိုင်စီတီကဏ္ဍအတွက်လည်း များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အသိပေးကြေညာချက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ ကျင်းပပြုလုပ်ခြင်းနှင့် အစမ်းလေ့ကျင့်ခြင်းများပြုလုပ်မည့် ၆-၁၂-၂၀၁၃ ရက်နေ့ မွန်းလွဲ ၁၄း၀၀ နာရီအချိန်မှ ၁၆း၀၀ နာရီအချိန်ထိလည်းကောင်း၊ ၈-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၀၆း၀၀ နာရီအချိန်မှ ညပိုင်း ၂၃း၀၀ နာရီအချိန်ထိလည်းကောင်း၊ ၁၁-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၀၆း၀၀ နာရီအချိန်မှ ညပိုင်း ၂၃း၀၀ နာရီအချိန်ထိ လည်းကောင်း၊ ၂၂-၁၂-၂၀၁၃ ရက်နေ့တွင် နံနက် ၀၆း၀၀ နာရီအချိန်မှ ညပိုင်း ၂၃း၀၀ နာရီအချိန်ထိလည်းကောင်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဧရိယာသို့ ဝင်ရောက်နိုင်သည့် အောက်ပါနေရာ/လမ်းဆုံ(၈)ခုတွင် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ပျဉ်းမနားတောင်ညိုလမ်းနှင့် ဉာဏအောင်မြေလမ်းဆုံ(စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့် မဏိစန္ဒာလမ်းဆုံ(အထက-၁၁ ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့် ဂိတ်(၅)ထိပ် လမ်းဆုံ(ဂိတ်-၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့်မဏိစန္ဒာလမ်းဆုံ (အားကစားရွာထိပ်)
(၆) ပျဉ်းမနားတောင်ညိုလမ်းနှင့် V4 လမ်းဆုံ(နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျဗလလမ်းဆုံ(ခရေအိမ်ရာထိပ်) တို့ဖြစ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**
**နေပြည်တော်**









# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမ်း၊ ဘူးသီးတောင်တပ်နယ် မိသားစုများအားတွေ့ဆုံ စစ်တွေမြို့ လောကနန္ဒာစေတီနှင့် ဘုရားအနေကဇာတင်အခမ်းအနားတက်ရောက်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရ သက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်နှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် အမ်းတပ်နယ် အမ်းတောင်ခန်းမ၌ တပ်နယ်မှ အရာရှိ/စစ်သည်မိသားစုများအား လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ ဗန္ဓုလခန်းမတွင် အရာရှိ/စစ်သည်မိသားစုများအား လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဘူးသီးတောင်မြို့အား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။



ထိုသို့တွေ့ဆုံပွဲများတွင် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်အေးချမ်းမှု လိုအပ်ပြီး တပ်မတော်အနေဖြင့် ယင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပေးရန် တာဝန်ရှိကြောင်း၊ မိမိ၏ လူမှုဘဝကို တိုးတက်အောင်လုပ်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်ကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို တိုးတက်မှု၊ မိမိတပ်တိုးတက်မှုမှသည် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်ဆောင်ရွက်ခြင်းဖြင့် တပ်မတော်ကောင်းအောင်လုပ်ရာရောက်သကဲ့သို့ နိုင်ငံတော်ကိုလည်း ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဒေသသည် ရေမြေအနေအထားအရ သဘာဝဘေးဒဏ်ကြုံတွေ့နိုင်သော ဒေသဖြစ်ခြင်းကြောင့် သစ်ပင်ခုတ်ခြင်း အပါအဝင် သဘာဝအတားအဆီးများကို မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စနစ်တကျစိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်အတွက် ဖွဲ့စည်းထားခြင်းဖြစ်၍ သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီကာကွယ်စောင့်ရှောက်နိုင်ရန် စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အသေးအဖွဲ့မှစ၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆင်ခြင်တုံတရားနှင့် ဆောင်ရွက်ခြင်းဖြင့် စစ်မှန်သည့် ကာကွယ်ရေးစွမ်းအားများဖြစ်အောင် ကြိုးစားလုပ်ဆောင်ရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဝဲပုံ)မှ အရာရှိ/စစ်သည်မိသားစုများအတွက် လက်ဆောင်ပစ္စည်းများအားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှမှ တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ထောက်ပံ့ငွေများအားလည်းကောင်း ပေးအပ်ခဲ့သည်။ အလားတူ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အားကစားပစ္စည်းများ ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)သို့ ရောက်ရှိပြီး ဌာနချုပ်အစည်းအဝေးခန်းမတွင် ဒေသကွပ်ကဲရေးမှူး၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် တင်ပြချက်များအပေါ် လိုအပ်ချက်များဖြည့်စွက်မှာကြားခဲ့သည်။

ဒီဇင်ဘာ ၄ ရက် နံနက် ၅ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည်ရခိုင်ပြည်နယ် စစ်တွေမြို့ လောကနန္ဒာစေတီနှင့် မဟာဝေယာန်သာသနာ့ဗိမာန်လိုဏ်ဂူတော်၌ ကျင်းပသော ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်ပူဇော်သည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဆရာတော်များက လောကနန္ဒာ စေတီတော်မြတ်အတွင်း အပူဇော်ခံလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူသည်။ ဆက်လက်၍ မဟာဝေယာန်သာသနာ့ဗိမာန်တော်တွင် အောင်စကြာမုနိကြေးသွန်းရုပ်ပွားတော်မြတ်နှင့် ထုဂ္ဂံသိမ်တော် ကျောက်ဆင်းတုဘုရားတို့အား ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက် သွန်းတော်မူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ ရေစက်ချအမျှပေးဝေကာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး (၅၂)ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သော နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၂)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၇ ရက် (စနေနေ့) တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးဝင်းအတွင်း၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်ကို မွန်းတည့် ၁၂ နာရီမှ ည ၇ နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဈေးဆိုင်ပေါင်း ၇၀ ကျော် ပါဝင်ရောင်းချကြမည်ဖြစ်ပြီး လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ကုမ္ပဏီများက အစားအစာ၊ လူသုံးပစ္စည်း၊ ဆေးဝါးနှင့် ကလေးကစားစရာများ ရောင်းချမည်ဖြစ်သည်။

အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့က တေးသီချင်းများ၊ အကပဒေသာ၊ သီချင်းသရုပ်ဖော်အကများနှင့် ရုပ်သေးအက စသည်တို့ဖြင့် ညနေ ၄ နာရီမှ ည ၇ နာရီအထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ကလေးများ၊ ပျော်ရွှင်စရာချားရဟတ်၊ ဘောလုံးပေါက်ပွဲများနှင့် ပျော်ရွှင်စရာကဏ္ဍများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်သို့ သွားရောက်အားပေးလိုကြသူများသည် ဝင်ကြေးအလှူအဖြစ် တစ်ဦးလျှင်ငွေကျပ် ၂၀၀ စီ လှူဒါန်းရမည်ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ သက်တမ်းသည် နှစ်ပေါင်း (၈၁)နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။ ဘိုးဘွားများ၏ စိတ်ချမ်းသာပျော်ရွှင်မှုရရှိစေရေး၊ ဘိုးဘွားများအား ထာဝရရှည်ကြာပြုစုစောင့်ရှောက်ထားနိုင်ရေးနှင့် အလှူငွေများ ပိုမိုရရှိစေရေးအတွက် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်ကျင်းပသော ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်တွင် ပါဝင်ရောင်းချသူများက အရင်းရောအမြတ်ပါ လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## လူငယ်တွေ့ဆုံပွဲ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၄**

ဂျပန်နိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် JENESYS 20 Japan-ASEAN-Oceanian Student & Youth Exchange Program သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် မတိုးရွှေစင်မြင့်သည် ဒီဇင်ဘာ ၂ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၅-၁၂-၂၀၁၃
(ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ |
| ၇း၃၀ | ပွဲပြီးသုံးသပ်ချက်၊ ပွဲကြိုသုံးသပ်ချက်၊ ပြည်သူတို့ရဲ့ စကားသံများ |
| ၁၀း၃၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (လင်းဇာနည်ဇော်) |
| ၁၁း၂၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁း၀၀ | သုခုမရင်ခွင်အငြိမ့်သဘင် "စတားနောင်တော်များ" (မင်းသမီး-ပိုပိုချစ်၊ လူရွှင်တော်-မိုးတိမ်၊ ပေါ်ဦး၊ ရွှေသွေး၊ ဝက်မ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၂း၀၀ | Sport News |
| ၇း၁၀ | "ဝဏ္ဏသိဒ္ဓိအားကစားရုံ A.B.C " |

## နိုတြီပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံချက်ပေးခြင်းကို ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တိုးချဲ့ဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံသားများ ပြည်ပတွင်အသုံးပြုရန် ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ လက်ထပ်စာချုပ်၊ ယာဉ်မောင်းလိုင်စင်၊ ကျမ်းကျိန်လွှာ အစရှိသည့် စာရွက်စာတမ်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အသိအမှတ်ပြုထားသည့် နိုတြီပဗ္ဗလစ်ရှေ့နေမှ အင်္ဂလိပ်ဘာသာဖြင့် တရားဝင်ပြန်ဆိုချက်အပေါ် ယင်းနိုတြီပဗ္ဗလစ်ရှေ့နေ၏ လက်မှတ်မှန်ကန်ကြောင်း ထပ်ဆင့်ထောက်ခံပေးခြင်းကို ပြည်သူများ ပိုမိုအဆင်ပြေချောမွေ့စေရန်အလို့ငှာ နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)တွင် ဒီဇင်ဘာ ၉ ရက်မှစတင်ကာ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နိုတြီထောက်ခံချက်လျှောက်လွှာများကို နံနက် ၉နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ လက်ခံမည်ဖြစ်ပြီး ညနေ ၃နာရီတွင် နေ့ချင်းပြီး ထောက်ခံချက် ထုတ်ပေးသွားမည်ဟု အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**



# ရှမ်းပြည်နယ် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၄

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ မိသားစုသုံးပန်းကန်များ၊ ပြက္ခဒိန်များနှင့် ဆိုလာမီးအိမ်များ ပေးအပ်သည်။**

ဆက်လက်၍ နန်းပန်းကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးပြီး ပန်းပေါင်းစုံဘုရားဆင်းတုတော်များ၊ ပြက္ခဒိန်များနှင့် အဝတ်အထည်များ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် ရှားတောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံပြီး ရှားတောမြို့နယ်သည် လွိုင်ကော်မြို့မှ မိုင် ၄၀ ခန့်ကွာဝေးသော်လည်း လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး လမ်းပိတ်မြို့နယ်တစ်ခုဖြစ်သဖြင့် ဖွံ့ဖြိုးမှုနှေးကွေးသည်ကို တွေ့ရှိရကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ပြည်နယ်အတွင်းရှိမြို့နယ်တစ်မြို့နယ်အား ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးတို့အား ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ၊ ဒေသခံတိုင်းရင်းသားများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ ကယားပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးရယ်နှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှားတောမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများအား အဝတ်အထည်များ၊ ပြက္ခဒိန်များ၊ အားကစားပစ္စည်းများ၊ မိသားစုသုံးပန်းကန်များကိုလက်ဆောင်ပေးအပ်ပြီး မွေးရေ/ကျေးလက်လူငယ်များ ဖွဲ့စည်းပေးကာ ကျေးလက်လူငယ်ဝတ်စုံနှင့် လွယ်အိတ်များ ပေးအပ်သည်။

ထို့ပြင် ရှားတောဆေးရုံအတွက် ငွေကျပ် ၁၀ သိန်း၊ အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် ဆိုလာအဝိုင်းမီး ငါးစုံ၊ ဒေါဟီစာကျေးရွာနှင့် ဒေါစောခီးကျေးရွာ ရေကန်များဆောက်လုပ်ရေးအတွက် ငွေကျပ် လေးသိန်း၊ မြို့လယ်ဓမ္မာရုံအတွက် ဘိလပ်မြေနှင့် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ရှားတောမြို့နယ် ဒေါလဲဒူကျေးရွာ မူလတန်းကျောင်းအတွက် စာသင်ခုံများ၊ စားပွဲများ၊ ကျေးရွာဘုန်းကြီးကျောင်းအတွက် ဘိလပ်မြေအိတ်များနှင့် ကျေးရွာအတွက် အာရ်အိုင်အာရ်မီးလွတ်ကြက်အကောင် ၁၀၀ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးရေး မြန်မာ-ဂျပန်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ဂျပန်နိုင်ငံအစိုးရ၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန (MLIT) ဒုတိယဝန်ကြီး H.E. Mr.RYUJI MASUNO သည် ယနေ့တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ထို့နောက် ပထမအကြိမ် နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ကျင်းပရာ မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးလမ်းပိုင်းအဆင့်မြှင့်တင်ရေးနှင့် စက်ခေါင်းများ၊ တွဲများဝယ်ယူရေး ODA ချေးငွေရရှိရေးကိစ္စ၊ ရန်ကုန်မြို့ပတ်ရထားနှင့် လမ်းများအဆင့်မြှင့်တင်ရေးကိစ္စ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးရေး မြန်မာ့မီးရထား အချက်ပြနှင့် ဆက်သွယ်ရေးအဆင့်မြှင့်တင်ရန် ငွေကြေးအထောက်အပံ့ဖြင့် အကူအညီပေးရေး၊ အနာဂတ်ကာလတွင် ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် လေ့လာဆောင်ရွက်ရေး၊ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် ယာဉ်၊ ယာဉ်မောင်းများ မှတ်ပုံတင်စစ်ဆေးခြင်းများနှင့် ပတ်သတ်၍ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီပေးရေး၊ မြို့တွင်းနှင့် အဝေးပြေးခရီးသည်ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်အသစ်များ တပ်ဆင်ထုတ်လုပ်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မြို့တွင်းသွားလာမှုဆိုင်ရာ အခက်အခဲပြဿနာများအပေါ် အခြေခံ၍ ကူညီဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ဂျပန်အစိုးရမှ လှူဒါန်းသော စက်ယန္တရားများဖြင့် စမ်းသပ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စက်ယန္တရားများကို ဂျပန်အစိုးရမှ မြန်မာအစိုးရသို့ လှူဒါန်းလျက်ရှိရာ The Japan's Non-Project Grant for Contributing to the Restoration and Disaster Prevention Efforts for the Areas and People Affected by the Flood Disaster in 2011 အစီအစဉ်အရ ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် နောက်ဆုံးရောက်ရှိလာသော စက်တပ်ယာဉ် ကိုးစီးအနက် Sakai Road Stabilizer PM 550 ဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်-စက္ကော့လမ်း မိုင်တိုင်အမှတ်(၁၂/၆)အနီးတွင် ၄-၁၂-၂၀၁၃ ရက်နေ့က ခေတ်မီနည်းပညာသစ်များဖြစ်သော In-place stabilization method, In-place Recycling of base course method များ အသုံးပြုကာ စမ်းသပ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ဂျပန်အစိုးရမှ လုပ်ငန်းသုံး စက်ယန္တရား ၁၅ မျိုးပါဝင်သော စက်တပ်ယာဉ်အစီး ၇၀ တို့ကို သုံးသုတ်ခွဲ၍ ပေးပို့လှူဒါန်းခဲ့ရာ စုစုပေါင်း ဂျပန်ယန်းငွေ သန်းပေါင်း ၈၀၀ ခန့်တန်ဖိုးရှိကြောင်း ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းမှ သိရသည်။

**(စံကားဝါ)**











# အပေါ့စားလေယာဉ်ငယ်များပျံသန်းပြေးဆွဲရေး ချမ်းမြသာစည်လေယာဉ်ကွင်း ပြုပြင်သွားမည်



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့ ရန်ကုန်-မန္တလေးလမ်းဘေးမြို့ဧရိယာအတွင်းရောက်ရှိနေသော ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းကို အပေါ့စားလေယာဉ်ငယ်များ၊ စစ်ဘက်နယ်ဘက်ရဟတ်ယာဉ်များ ဆင်းသက်နိုင်ရန်လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက ပြုပြင်မွမ်းမံသွားမည် ဖြစ်သည်။

ခရီးသည် အဝင်/အထွက် ပင်မအဆောက်အအုံ၊ လေယာဉ်ပြေးလမ်းတို့ကို အသေးစားပြုပြင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ လေယာဉ်ကွင်းရှိသော မြို့ငယ်များသို့ ပြေးဆွဲသွားရန်ရှိကြောင်း၊ လေယာဉ်ကွင်းအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲလက်ခံကျင်းပခဲ့သဖြင့် မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းပြီးဖြစ်ကြောင်း မြန်မာ့လေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တံတားဦး၌ ၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ ချမ်းမြသာစည် လေဆိပ်၌ လေကြောင်း ခရီးစဉ်များ ဆင်းသက်မှုမရှိခဲ့သဖြင့် မြက်များ၊ ချုံနွယ်များ ပေါက်ရောက်လျက်ရှိနေခဲ့သည်။ ပျက်စီးနေသော ချမ်းမြသာစည် လေဆိပ်အားအများပြည်သူ အကျိုးပြုလုပ်ငန်းများအစားထိုးဆောက်လုပ်သင့်ကြောင်း ပြည်သူ့လွှတ်တော်၌ အကြံပြုဆွေးနွေးခဲ့သော်လည်း အရန်လေယာဉ်ကွင်းအဖြစ် ဆက်လက်အသုံးပြုမည်ဖြစ်ပြီး ၁၂ ယောက်စီးလေယာဉ်ငယ်နှစ်စင်းဝယ်ယူခဲ့ကာ ချမ်းမြသာစည်လေဆိပ်အခြေပြု မြို့ငယ်များသို့ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်း၌ ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ **သီဟကိုကို(မန္တလေး)**

# ကယ်ဆယ်ရေးစခန်းမှ မိသားစုများအား ကျေးရွာသို့ ပြန်လည်ပို့ဆောင်

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နယ်မြေလုံခြုံရေးအရနေရပ်စွန့်ခွာလာသော ဝန်းသိုကျောင်းကယ်ဆယ်ရေးစခန်းမှ မိသားစုများအားနေရပ်စံကင်းကျေးရွာသို့ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်တို့ကလည်း တပ်မတော်အနေဖြင့် ကာကွယ်ရေး၊ လုံခြုံရေးလုပ်ငန်းများအပြင် ကျေးရွာများပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားများ ပြောကြားကြပြီး မိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကယ်ဆယ်ရေးစခန်းမှ မိသားစုများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး နေလင်းထွန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် စံကင်းကျေးရွာသို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး ဇိနရာမဘုန်းတော်ကြီးကျောင်း၌ ပြည်နယ်လူမှုရေးဝန်ကြီးက မိသားစုများအား ရပ်မိရပ်ဖများထံပြန်လည်အပ်နှံပြီး ၎င်းတို့၏လိုအပ်ချက်များဖြစ်သည့် သောက်သုံးရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများဆောက်လုပ်ရေး၊ မီးလင်းရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားကာ ကျေးရွာသောက်သုံးရေရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အဝီစိရေတွင်း နှစ်တွင်းတူးရန်အတွက်ကုန်ကျစရိတ်ထောက်ပံ့ငွေများ၊ ဆေးစိမ်ခြင်ထောင်များနှင့် ကျေးရွာမီးရရှိရေးအတွက် ဆိုလာပြားများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များနှင့် တပ်မတော်သားများက ယာယီမိုးကာတဲများ ဝိုင်းဝန်း ဆောက်လုပ်ပေးကြပြီး ပြောင်းရွှေ့မိသားစုများ၏ အိမ်ထောင်ပစ္စည်းများကို လိုက်လံပို့ဆောင်ပေးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိရာမှ တိုးတက်ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ပုဂ္ဂလိကမှ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်စက်သုံးဆီ အရောင်းဆိုင် ၂၆၁ ဆိုင်အား ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီအဖွဲ့အစည်းများသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချပေးခဲ့ပြီး အဆိုပါ စက်သုံးဆီ အရောင်းဆိုင်များကို ၂၀၁၀ ပြည့်နှစ် ဇွန် ၁၀ ရက်မှ စတင်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။

ထို့နောက် တရားမဝင် စက်သုံးဆီ သယ်ယူပို့ဆောင်သိုလှောင်ရောင်းချမှုများ၊ တရားမဝင် လမ်းဘေးစက်သုံးဆီဆိုင်များ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ စက်သုံးဆီအရောင်းဆိုင် မရှိသေးသည့် မြို့/မြို့သစ်များ၊ လမ်းဆုံလမ်းခွများနှင့် လမ်းမကြီးများ၊ Toll Gate စသည့်နေရာများတွင် စက်သုံးဆီ အရောင်းဆိုင်များ အသစ်တည်ဆောက်ဖွင့်လှစ်လိုသူများ၊ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ်တည်ဆောက်လိုသူများနှင့် ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတို့တွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချလိုသူများကို စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားစေပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိသည်။

ယခုအခါ စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် အဆိုပြုလျှောက်ထားလာသည့် ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်အသစ် ၁၂၄၃ ဆိုင်အနက် ၈၀၁ ဆိုင်နှင့် ပုဂ္ဂလိက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ် ငါးခုအနက် သုံးခုတို့အား စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးခဲ့ပြီး ကျန်စက်သုံးဆီ အရောင်းဆိုင်အသစ် ၄၄၂ ဆိုင်နှင့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းအသစ်နှစ်ခုတို့အား လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲဖြစ်သည်။

ထို့ပြင် ပြည်တွင်းရေကြောင်းနှင့် ကမ်းရိုးတန်းသွားရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန် အဆိုပြုလျှောက်ထားလာသည့် ကုမ္ပဏီ ၁၇ ခု၏ ရေယာဉ် ၆၇ စင်းအနက် ကုမ္ပဏီလေးခု၏ ရေယာဉ်ကိုးစင်းအား စက်သုံးဆီ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၃ ခု၏ ရေယာဉ် ၅၈ စင်းမှာ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်အထိ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင် ၁၀၅၈ ဆိုင်၊ ပုဂ္ဂလိက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးစခန်းသုံးခုနှင့် ရေယာဉ်ကိုးစင်းတို့အား စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**


## ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
## မြန်မာနိုင်ငံဆရာဝန်အသင်း
## အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့(၂၀၁၄-၂၀၁၆) ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်ထားရှိပါသည်။ အဆိုပါ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် (စနေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ
- (၁) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင်ဖြစ်ရပါမည်။
- (၂) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းကမ်းများ တိကျစွာ လိုက်နာနိုင်သူ ဖြစ်ရပါမည်။
- (၃) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ ကြီးကြပ်စီမံခန့်ခွဲမှုကိုလိုက်နာဆောင်ရွက်နိုင်သူဖြစ်ရပါမည်။
- (၄) မိမိကိုယ်တိုင်(ဆရာဝန်မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တစ်ပါတည်းယူဆောင်၍)လာရောက်ဆန္ဒပြုနိုင်သူ ဖြစ်ရပါမည်။

၂။ မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့်သူများ၏ သတ်မှတ်အရည်အချင်းများ
- (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။
- (၂) မြန်မာနိုင်ငံဆေးကောင်စီအသိအမှတ်ပြု ဆေးပညာဘွဲ့နှင့် သက်တမ်းရှိ ဆမမှတ်ပုံတင်လက်ဝယ်ရှိသူဖြစ်ရမည်။
- (၃) မြန်မာနိုင်ငံဆရာဝန်အသင်း ရာသက်ပန်အသင်းဝင် ဖြစ်ရပါမည်။
- (၄) နိုင်ငံရေးပါတီတစ်ခုခုတွင် အလုပ်အမှုဆောင်အဖွဲ့ဝင်မဖြစ်စေရ။
- (၅) ဆေးလောက၏ ကျင့်ဝတ်သိက္ခာစည်းကမ်းများကို လေးစားလိုက်နာယုံကြည်သက်ဝင်သူ ဖြစ်ရပါမည်။
- (၆) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူ ဖြစ်ရပါမည်။
- (၇) အသင်းမှပေးအပ်သောတာဝန်ကို မိမိဆန္ဒသဘောဖြင့် လက်ခံပြီး ကိုယ်ကျိုးမဖက် တာဝန်ကျေပွန်နိုင်သူ ဖြစ်ရပါမည်။

ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ်နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း ရုံးပိတ်ရက်များအပါအဝင် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်ခံရန် ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ (သောကြာနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့်ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ကိုယ်ရေးရာဇဝင်များကို ၉-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက်ပိုင်းမှစတင်၍ ကော်မရှင်ရုံး၌ ကြေညာထားမည်ဖြစ်ပါသည်။

ထို့အပြင် ရွေးကောက်ပွဲဆိုင်ရာမူဝါဒနှင့်ပတ်သက်၍ မရှင်းလင်းသောအချက်များရှိပါကအပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁)နာရီမှ ညနေ(၄)နာရီအတွင်း ရွေးကောက်ပွဲကော်မရှင်နှင့် လာရောက်တွေ့ဆုံမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**













# မုံရွာမြို့အခြေပြု၍ ပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များ ခရီးသွားတို့၏ဆန္ဒအတိုင်း အချိန်ပြောင်းလဲ ပြေးဆွဲပေး



**မုံရွာ ဒီဇင်ဘာ ၄**

မုံရွာမြို့အခြေစိုက်၍ မန္တလေး၊ ပခုက္ကူ၊ တင်းတိန်ရဲ၊ ခင်ဦးနှင့် မုံရွာမြို့ပတ်ရထားများကို ရထား ၁၀ စင်းဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ခေတ်နှင့်အညီပြောင်းလဲလာသော ပြည်သူဗဟိုပြုစနစ်ကိုဦးတည်ဆောင်ရွက်သောအားဖြင့် ယခင်ပြေးဆွဲနေသော ရထားချိန်များအစား ခရီးသွားပြည်သူတို့၏ ဆန္ဒသဘောထားများကောက်ယူ၍ အများပြည်သူလိုလားသောအချိန်ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားများအထူးအဆင်ပြေကာ နေ့စဉ်ရထားစီးခရီးသည်ဦးရေတိုးတက်လျက်ရှိကြောင်း မုံရွာဘူတာရုံပိုင်ကြီး ဦးဇော်လွင်ထံမှ သိရသည်။

"မုံရွာကနေပြေးဆွဲပေးနေတဲ့ရထားခရီးစဉ်တွေအပေါ် ခရီးသွားတွေရဲ့ သဘောဆန္ဒကိုခံယူပြီး ခရီးသွားတွေလိုချင်တဲ့အချိန်ကို သက်ဆိုင်ရာရထားပို့ဆောင်ရေးဝန်ကြီးဌာနကို တင်ပြပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရာမှာ သွားလာတဲ့သူတွေအခုအချိန်မှာ အဆင်ပြေနေပြီ ဖြစ်ပါတယ်။ ဥပမာ မုံရွာ-မန္တလေး ခရီးစဉ်ကို အရင်က နေ့ခင်းထွက်တာမကြိုက်ကြတာကြောင့် မနက်ခင်းကို ပြောင်းထွက်ပေးနေတာမျိုးပေါ့" ဟု ဦးဇော်လွင်က ပြောပြသည်။

မုံရွာ-မန္တလေးရထားခရီးစဉ်တွင် အမှတ်(၁၂၄) အစုန်ရထားသည် မုံရွာမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ နံနက် ၁၁နာရီ ၁၅ မိနစ်တွင် မန္တလေးမြို့သို့ရောက်ရှိပြီး မန္တလေးမြို့မှအမှတ်(၁၂၃)အဆန်ရထားသည် မွန်းလွဲ ၂နာရီခွဲတွင် ထွက်ခွာ၍ မုံရွာသို့ ည ၇ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်ကြောင်း၊ မုံရွာ-မန္တလေးခရီးသည် တစ်ဦးကျပ် ၇၀၀ဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

မုံရွာ-ပခုက္ကူရထားခရီးစဉ်တွင် ပခုက္ကူမှနံနက် ၅နာရီခွဲတွင်ထွက်ခွာ၍ မုံရွာမြို့သို့နံနက် ၁၀ နာရီ မိနစ် ၁၀ တွင်ရောက်ရှိပြီး မုံရွာမြို့မှမွန်းလွဲ ၂ နာရီတွင်ထွက်ခွာ၍ ပခုက္ကူသို့ ညနေ ၆ နာရီ ၅၅ မိနစ်တွင်ရောက်ရှိပြီး ခရီးသည်တစ်ဦးကျပ် ၆၀၀ နှုန်းဖြင့်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မုံရွာ-ခင်ဦးရထားခရီးစဉ်ကို နေ့စဉ် ခင်ဦးမှနံနက် ၅ နာရီတွင်ထွက်ခွာလျှင် မုံရွာသို့ နံနက် ၁၁ နာရီ၁၅ မိနစ်တွင်ရောက်ရှိပြီး မုံရွာမြို့မှ မွန်းလွဲ ၂ နာရီတွင်ထွက်လျှင် ခင်ဦးသို့ ည ၈နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်၍ ခရီးသည်တစ်ဦးကျပ် ၇၀၀ ဖြစ်ကြောင်း သိရသည်။

မုံရွာအခြေပြုထွက်သော ရထားခရီးစဉ်များတွင် အစောဆုံးရောက်၍အစောဆုံးထွက်သောကြောင့် အများပြည်သူအစီးများသော ၄၇ မိုင်ခွဲရှိသည့် မုံရွာ-တင်းတိန်ရဲ ရထားခရီးစဉ်ကိုနေ့စဉ် တင်းတိန်ရဲမှနံနက် ၅နာရီတွင် ထွက်လျှင် မုံရွာမြို့သို့ နံနက် ၈ နာရီ မိနစ် ၄၀ တွင်ရောက်ရှိ၍ မုံရွာမြို့မှမွန်းတည့် ၁၂ နာရီထွက်လျှင် တင်းတိန်ရဲသို့ ညနေ ၃ နာရီ မိနစ် ၄၀ တွင်ရောက်ရှိကြောင်း၊ ခရီးသည်တစ်ဦးလျှင် ကျပ် ၄၅၀ ဖြင့် ပြေးဆွဲပေးနေကြောင်း၊ နေ့စဉ်ရထားတွဲသုံးတွဲဖြင့်ပြေးဆွဲပေးရာ မုံရွာမြို့အခြေပြု၍ပြေးဆွဲပေးသော ရထားခရီးစဉ်ထဲတွင် ခရီးသည်အားကိုးအားထားအပြုဆုံးခရီးစဉ်ဖြစ်ကြောင်း သိရသည်။

မုံရွာဘူတာရုံတာဝန်ရှိသူများနှင့် တာဝန်ရှိသူအသီးသီးတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ မုံရွာမြို့၏မြောက်ဘက်အလုံမြို့မှ မုံရွာမြို့ကိုဖြတ်ကာ မိုးညှင်းသမ္မုဒ္ဒေမှသည် ဗောဓိတစ်ထောင်အထိ မြို့ပတ်ရထားခရီးစဉ်ကို ကျေးလက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဘုရားဖူးခရီးသွားများ အဆင်ပြေချောမွေ့စေရန် ပြေးဆွဲပေးနေသည်။ မြို့ပတ်ရထား ခရီးစဉ်အနေဖြင့်အလုံမြို့မှ နံနက် ၆ နာရီခွဲတွင် စတင်ထွက်လာရာ ကျွဲရဲဂိတ်၊ နန်းတော်ဂိတ်၊ ကွန်ပျူတာတက္ကသိုလ်ဘူတာ၊ လယ်တီရပ်၊ မုံရွာဘူတာ၊ အောင်မင်္ဂလာရပ်၊ ကားလေးကွင်း၊ မအူ၊ အောင်သာ-မိုးညှင်းသမ္မုဒ္ဒေ၊ နည်းပညာတက္ကသိုလ်-ဆည်ကြီးတော-သစ်ညိုပင်နှင့် ဗောဓိတစ်ထောင်ဟူ၍ ဘူတာခွဲအသီးသီးတွင် ခရီးသည်တင်/ချပြုလုပ်၍ ပြေးဆွဲပေးသည်။ မုံရွာမှ နံနက် ၆ နာရီခွဲတွင်ထွက်လျှင် ဗောဓိတစ်ထောင်သို့ နံနက် ၈ နာရီ ၅ မိနစ်တွင်ရောက်ရှိပြီး ဗောဓိတစ်ထောင်မှ ညနေ ၃ နာရီ မိနစ် ၄၀ တွင် ထွက်လျှင် အလုံသို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်ရောက်ရှိကြောင်း၊ မြို့ပတ်ရထားစီးခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀ ဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။ ကျောင်းဖွင့်သည့်အချိန်များတွင် ခရီးသည်တင်ရထားတွဲ သုံးတွဲဖြင့် ပြေးဆွဲပေးနေပြီး ရိုးရိုးသာမန်အချိန်တွင် ရထားတွဲနှစ်တွဲဖြင့် ပြေးဆွဲပေးရာ ကျောင်းဖွင့်ချိန်ပြေးဆွဲသောရထားသုံးတွဲတွင် ခရီးသည်ထိုင်ခုံဖြင့် ၂၁၆ ဦးနှင့် မတ်တတ်ရပ်ခရီးသည် ၁၅၀ စုစုပေါင်း ခရီးသည် ၃၆၆ ဦး တစ်ပြိုင်တည်း စီးနင်းနိုင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စပါးဈေးကောင်း၍ တောင်သူများ ဝမ်းမြောက်

**သရက် ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ယခုလရာသီ၌ စပါးရိတ်သိမ်းကြပြီဖြစ်ရာ ယခုမိုးရာသီစိုက်ပျိုးထားသော မိုးစပါးများကို ရိတ်သိမ်းခြွေလှေ့ကြပြီးဖြစ်သည်။

စပါးစိုက်ရက် နောက်ကျ၍ စပါးရိတ်သိမ်းချိန်နောက်ကျခဲ့သော်လည်း စပါးထွက်နှုန်း လျော့နည်းမှုမရှိဘဲ တစ်ဧက စပါး ၇၅ တင်းဝန်းကျင်ခန့် ထွက်ရှိကြောင်း သိရသည်။ စပါးရိတ်နေ့စား အလုပ်သမားတစ်ယောက်လျှင် ကျပ် ၂၅၀၀ ပေးရပြီး ယခုအခါ လယ်ပိုင်ရှင်များမှာ စပါးများ စပါးကျီထဲရောက်ရှိရေးအတွက် ဒေသခံ စပါးရိတ်လုပ်သားများနှင့် မလုံလောက်၍ ပတ်ဝန်းကျင်ကျေးရွာမှ လုပ်သားများခေါ်ယူငှားရမ်းပြီး ရိတ်သိမ်းကြရကြောင်း သိရသည်။

နောက်မိုးကောင်း၍ ကုလားပဲများစိုက်ပျိုးနိုင်ခြင်း၊ လက်ရှိစပါးတစ်တင်းပေါက်ဈေးကျပ် ၄၀၀၀ မှ ကျပ် ၄၅၀၀ အထိ ရောင်းချရ၍ စပါးစိုက်တောင်သူများ ဝမ်းမြောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပညာပေးရှင်းလင်းဟောပြောပွဲကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဝင်းကို၊ ကွတ်ခိုင်မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဆန်းမြင့်နှင့် ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမင်းမင်းဇော်တို့က သန်းခေါင်စာရင်းသမိုင်းကြောင်းနှင့် သိကောင်းစရာများ၊ မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခဲ့မှု၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးဆောင်ရွက်နေမှု၊ ကွတ်ခိုင်နှင့် တာမိုးညဲမြို့နယ်များအတွင်း သန်းခေါင်စာရင်းကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများ၏မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(အေးသန်း)**

## သန်းခေါင်စာရင်း ဟောပြောပွဲနှင့် Mobile Library ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အသိပညာပေးဟောပြောခြင်းနှင့် Mobile Library ဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဗဟန်းမြို့နယ်ဦးစီးဌာနမှူး ဦးရဲစိုးမြင့်က သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆွေးနွေးဟောပြောခြင်းနှင့် မဂ္ဂဇင်း၊ ဂျာနယ် ၉၀ တို့ကို ရပ်ကွက်စာကြည့်တိုက်သို့ လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ **(သန္တာမေ)**
















# ပရီမီယာလိဂ် ရင်ခုန်သံ – ၁၅

ရှိုင်းမင်းမင်း

***ပရီမီယာလိဂ်ပွဲစဉ် ၁၅ ကိုလာမယ့်ဒီဇင်ဘာ ၇၊ ၈၊ ၁၀ ရက်တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ နှစ်ပွဲဆက်တိုက်သရေကျပြီး နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ မန်ယူတို့ နိုင်ပွဲပြန်လည်ရှာဖွေနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိပြီး မန်စီးတီးကလည်း ဆောက်သမ်တန်နဲ့ ဆုံတွေ့နေလို့ အခက်တွေ့ဖို့ရှိနေပါတယ်။***

**မန်ယူ - ကာဆယ် ည ၇း၁၅ (၇-၁၂-၁၃)**

လက်ရှိကာဆယ်ခြေအကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ နောက်ဆုံးလေးပွဲဆက်အနိုင်ရခဲ့ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ ဒါပေမယ့် မန်ယူက အမှတ်လိုနေပြီး ချန်ပီယံလိဂ်မှာလည်း နောက်တစ်ဆင့်တက်နေလို့ ဒီပွဲကို အားစိုက်ကစားမှာပါ။ အိမ်ကွင်းလည်းဖြစ်လို့ မန်ယူကပ်ပြီးအနိုင်ရမယ်။

**ပဲလေ့စ် - ကာဒစ်ဖ် ည ၉း၃၀ (၇-၁၂-၁၃)**

ကာဒစ်ဖ်ခြေကောင်းမွန်မှုရှိပါတယ်။ အာဆင်နယ်ကို ရှုံးခဲ့ရပေမယ့် ခြေမရှုံးခဲ့ပါဘူး။ ပဲလေ့စ်က ဇယားအောက်ဆုံးကအသင်းပါ။ ဒါပေမယ့် ပဲလေ့စ်အမှတ်လိုနေတာကို မေ့လို့မဖြစ်သလို အိမ်ကွင်းလည်းဖြစ်တယ်။ ကာဒစ်ဖ်ကလည်း အဝေးကွင်းဆိုရင် ကစားအားကျတတ်လို့ သရေကျဖို့များပါတယ်။

**လီဗာပူး - ဝက်စ်ဟမ်း ည ၉း၃၀ (၇-၁၂-၁၃)**

ဟားလ်ကိုရှုံးပြီး လီဗာပူးခြေ သံသယဝင်စရာကောင်းလာပေမယ့် အမှတ်ရဖို့အားစိုက်လာမှာ သတိပြုရမယ်။ ဝက်စ်ဟမ်းကလည်း အဝေးကွင်းဆိုရင် ကစားအားကျဆင်းတတ်တာကြောင့် ဒီပွဲမှာတော့ လီဗာပူးနိုင်ပွဲရရှိသွားမှာပါ။

**ဆောက်သမ်တန် - မန်စီးတီး ည ၉း၃၀ (၇-၁၂-၁၃)**

အဝေးကွင်းဆိုရင် မန်စီးတီးရဲ့ကစားပုံစိတ်မချရတာကို သတိပြုရပါလိမ့်မယ်။ ဆောက်သမ်တန်က အိမ်ကွင်းဆိုရင် ကစားပုံပိုမိုကောင်းမွန်တတ်ပြီး ခံစစ်ကစားအားလည်းပိုကျစ်လျစ်တယ်။ မန်စီးတီးအနိုင်ရဖို့ ရုန်းကန်ရနိုင်ပြီး ဂိုးကွာဟချက်ကျဉ်းမြောင်းစွာနဲ့ပဲ အနိုင်ရသွားဖို့ ရှိပါတယ်။

**စတုတ် - ချယ်လ်ဆီး ည ၉း၃၀ (၇-၁၂-၁၃)**

စတုတ်ရဲ့ ကစားအားက ပြန်လည်ကျဆင်းလာတယ်။ အိမ်ကွင်းဖြစ်ပေမယ့် မာကျောမှုတစ်ခုသာရှိပြီး တိုက်စစ်ပိုင်းအားနည်းပါတယ်။ ချယ်လ်ဆီးက ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်နေလို့ ပရီမီယာလိဂ်ကို ပိုအားစိုက်မှာပါ။ ချယ်လ်ဆီးကပဲ နှစ်ဂိုးအသာလောက်နဲ့အနိုင်ရသွားဖို့ရှိပါတယ်။

**ဝက်စ်ဘရွန်း - နော့ဝှစ်ချ် ည ၉း၃၀ (၇-၁၂-၁၃)**

နော့ဝှစ်ချ်ဟာ နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲအနိုင်ရခဲ့ပေမယ့် အဝေးကွင်းမှာဆိုရင် စိတ်မချရသေးပါဘူး။ ဝက်စ်ဘရွန်းက အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်သလို အမှတ်လိုအပ်နေတာကိုလည်း သတိပြုရမယ်။ အိမ်ကွင်းအားရှိတဲ့ ဝက်စ်ဘရွန်းနဲ့ပဲ ရပ်တည်ရဖို့ရှိပါတယ်။ ဂိုးနည်းမယ်။

**ဆန်းဒါးလန်း - စပါး နံနက် ၀၀း၀၀ (၈-၁၂-၁၃)**

စပါးအနိုင်မရလို့မဖြစ်ပါဘူး။ ဒါကြောင့် အဝေးကွင်းဖြစ်ပေမယ့် ခြေကုန်ထုတ်လာမှာပါ။ ဆန်းဒါးလန်းက ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့် စပါးကို တုံ့ပြန်ဖို့ဆိုတာ ဆန်းဒါးလန်းအတွက်ခက်ခဲနိုင်ပြီး စပါးကပဲ အနိုင်ရရှိသွားမှာပါ။

**ဖူလ်ဟမ် - ဗီလာ ည ၈း၀၀ (၈-၁၂-၁၃)**

ရလဒ်တွေဆိုးရွားနေပြီး ငါးပွဲဆက်တိုက် ရှုံးခဲ့ရတဲ့ ဖူလ်ဟမ်တို့ နိုင်ပွဲပြန်ရဖို့အားစိုက်လာမှာပါ။ ဗီလာကလည်း နောက်ဆုံး လေးပွဲမှာ အရှုံးမရှိဘူးဆိုပေမယ့် တစ်ပွဲသာအနိုင်ရခဲ့တာကို သတိပြုရမယ်။ ဒါကြောင့် ဖူလ်ဟမ်ခြေအားနည်းနေပေမယ့်လည်း အိမ်ကွင်းမှာ သရေလောက်ကစားသွားနိုင်မှာပါ။

**အာဆင်နယ် - အဲဗာတန် ည ၁၀း၃၀ (၈-၁၂-၁၃)**

ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ အာဆင်နယ်ကို အဲဗာတန်တို့အသာရဖို့မလွယ်ပါဘူး။ အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ကစားရဖို့ရှိပြီး အဲဗာတန်ရဲ့ခြေကလည်းအကောင်းဆုံးပုံစံမှာ ရှိနေပေမယ့် အာဆင်နယ်ကွင်းဖြစ်တယ်။ အာဆင်နယ်ကပဲ ကပ်ပြီးအနိုင်ရသွားမှာပါ။

**ဆွမ်ဆီး - ဟားလ် နံနက် ၂း၃၀ (၁၀-၁၂-၁၃)**

ဆွမ်ဆီးခြေမငြိမ်တာမှန်တယ်။ ဟားလ်ကလည်း လီဗာပူးကိုတောင် အနိုင်ရခဲ့တာမှန်တယ်။ ဒါပေမယ့် ဟားလ်ကအဝေးကွင်းဆိုရင် စိတ်မချရဘူး။ အမှတ်လိုနေတဲ့ ဆွမ်ဆီးကလည်း အိမ်ကွင်းမှာ ဖိအားပေးကစားလာမှာသေချာတယ်။ ဆွမ်ဆီးကပဲ နှစ်ဂိုးအသာနဲ့ အနိုင်ရသွားမှာပါ။

# Guess ၏သံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့် ပရီရန်ကာချိုပရာ



ဘောလိဝုဒ်ရုပ်ရှင်လောကမှ ဟောလိဝုဒ်နှင့် ကမ္ဘာ့ဂီတလောကသို့ အရှိန်ပြင်းပြင်းဖြင့် ထိုးဖောက်နိုင်ခဲ့သူ ပရီရန်ကာချိုပရာအား အိန္ဒိယရုပ်ရှင်လောကသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာကျော်အဝတ်အစား အမှတ်တံဆိပ်တစ်ခုဖြစ်သည့်Guessမှ ကမ္ဘာလုံးဆိုင်ရာ ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးသံတမန်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

အဆိုပါသံတမန်ခန့်အပ်ခြင်းအခမ်းအနားကိုအိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကျင်းပခဲ့ရာ အမျိုးသမီးတစ်ဦးကို အလှဆုံးနှင့်ဆွဲဆောင်မှုအရှိဆုံးဖြစ်အောင်ဖန်တီးပေးနိုင်သည့် Guess အမှတ်တံဆိပ်၏ သံတမန်ဖြစ်လာရခြင်းသည် သူ့အတွက်ကြီးမားလှသည့် အပေးအယူတစ်ခုပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် Guess သည် ဆယ်စုနှစ်များစွာကို အောင်မြင်စွာဖြတ်သန်းလာခဲ့ပြီး ယနေ့ထိတိုင်လည်း ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးအဝတ်အစား အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပါကြောင်း မင်းသမီးနှင့် အဆိုတော် ပရီရန်ကာက ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် – စုစည်းသည်

# အွန်လိုင်းတွင် ရှာဖွေမှုအများဆုံးအနုပညာရှင်ဖြစ်လာသူ ဘီယွန်စေး



အွန်လိုင်း Search Engine တစ်ခုဖြစ်သည့် Bing ဝက်ဘ်ဆိုက်မှ ကဏ္ဍတစ်ခုစီအလိုက် နှစ်တစ်နှစ်အတွင်း အများဆုံးရှာဖွေသည့် အကြောင်းအရာများကို ထုတ်ပြန်ပေးလေ့ရှိရာ တေးသံရှင် ဘီယွန်စေးက တီဗွီစတား Kim Kardashian ကို ကျော်ဖြတ်ကာ ၂၀၁၃ ခုနှစ်အတွင်း ယင်းဝက်ဘ်ဆိုက်၌ အများဆုံးရှာဖွေခြင်း ခံရသည့် အနုပညာရှင်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

နာမည်ကျော် တေးသံရှင် ဘီယွန်စေးသည် သမီးလေး Ivy ကို မွေးဖွားပြီးနောက်ပိုင်း ဂီတခြေလှမ်းများကို စနစ်တကျချမှတ်ကာ လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းက သမ္မတအိုဘားမား၏ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ပါဝင်ဖျော်ဖြေခဲ့ပြီး ဧပြီလတွင် Mrs Carter Show နှင့် ကမ္ဘာလှည့်ဖျော်ဖြေပွဲများကိုစတင်ခဲ့ကြောင်း၊ ထို့အပြင် ခင်ပွန်းသည် ရက်ပ်အဆိုတော် ဂျေဇီ၊ သမီးလေး Ivy နှင့် သူတို့မိသားစုအကြောင်းကိုလည်း အိပ်ချ်ဘီအိုရုပ်သံလိုင်းတွင် မှတ်တမ်းရုပ်ရှင်အဖြစ် ထုတ်လွှင့်ခဲ့ရာ ပရိသတ်အာရုံစူးစိုက်မှု ပိုမိုရရှိခဲ့ကြောင်း သိရသည်။

ဘီယွန်စေးနှင့် Kim Kardashian တို့သည် နှစ်တစ်နှစ်အတွင်း အများဆုံးရှာဖွေခြင်းခံရသည့် အနုပညာရှင်အဖြစ် နှစ်နှစ်ဆက်တိုက် ရယူထားနိုင်ခဲ့ပြီး အဆိုပါစာရင်း၏ ထိပ်ဆုံးငါးနေရာတွင် ရီဟာန်နား၊ တေလာဆွတ်ဖ်၊ မက်ဒေါနားတို့လည်း ပါဝင်ကာ ကနေဒါကြယ်ပွင့် ဂျက်စတင်ဘီဘာက ၂၀၁၂ ခုနှစ်က အဆင့်ငါးနေရာတွင် ရပ်တည်ခဲ့သော်လည်း ယခုနှစ်တွင် အဆင့်ခြောက်နေရာသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။









**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အမျိုးသားဓာတ်ခွဲခန်းအတွက်**
**Open Tender ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါစက်ပစ္စည်းများအား နိုင်ငံခြား ငွေ (အမေရိကန် ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Transmission Electron Microscope | 1 No |
| (ခ) | Inductively Coupled Plasma Mess Spectrometer | 1 No |
| (ဂ) | Non Destructive Testing<br>Milli-Focus X-ray Industrial Radiography System<br>Micro -Focus X-ray Industrial Radiography System<br>Co-60 Gamma Ray Industrial Radiography System<br>Ultrasonic Non Destructive Testing<br>Magnetic Particle Flow Detector<br>Eddy Current Flow Detector | 1 Set |

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော် တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

**ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်**

၁။ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး၊ အင်းယားမြိုင်လမ်း၊ ကိုယ်ပိုင်လမ်းပါ၊ မြေအကျယ် 6011 sqft, ဘိုးဘွား၊ ရေ၊ မီး (1sqft=250000)

၂။ ရွှေပြည်သာ၊ VIP၊ မြေအကျယ် ပေ(၆၀×၆၀)၊ ပါမစ်၊ သိန်း (၂၅၀)

**အငှား**

၁။ လှည်းတန်း၊ ဒိုင်းမွန်းကွန်ဒို၊ (၈)လွှာ၊ (1280sqft)၊ Master Bedroom (၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ Aircon(၄)လုံး၊ ပါကေးခင်း၊ ထောင့်ခန်း၊ လေဝင်လေထွက်ကောင်း၊ (၂၄)နာရီမီး၊ Lift ပါ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေထိုင်နိုင်သော ကွန်ဒိုတိုက်ခန်း။ (၁၀)သိန်း

ဆက်သွယ်ရန်ဖုန်း- ၀၁-၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁၊

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# သုမနတို့ဌာနေ ပုန်းတလုတ်မြေမှ မကြာမီ ပြည်တွင်းစီးပွားရေးဈေးကွက်သို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်တော့မည့် ပင်းတယဂရင်း(န်)တီး လက်ဖက်ခြောက်လုပ်ငန်း

ဆောင်းနှင်းလတ်(လင်းခေး)

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယနယ်မှထွက်ရှိသော မိုးလွတ်ရွှေဖီ လက်ဖက်ခြောက်သည် အခြားဒေသမှထွက်သော လက်ဖက်ခြောက်များထက် ထူးကဲသည့်အနံ့အရသာနှင့်ပြည့်စုံကာ ဝယ်ယူသောက်သုံး လူသိများ နာမည်ကြီးလာခဲ့သည်မှာ မျက်မှောက်ကာလအထိတိုင်ဖြစ်သည်။ ပြည်တွင်း ပြည်ပခရီးသွားများက ရှမ်းပြည်နယ် ပင်းတယမြို့ရှိ သမိုင်းဝင် (ရွှေဥမင် လိုဏ်ဂူ)သို့ ဘုရားဖူးရင်းအလည်အပတ်ရောက်လာကြသူတိုင်း အိမ်အပြန် လက်ဆောင်အမှတ်တရ ပင်းတယလက်ဖက်ခြောက်ကို မဖြစ်မနေဝယ်ယူသွား ကြခဲ့သည်။ ယင်းဒေသ၌ လက်ဖက်လုပ်ငန်းဖြင့် အသက်မွေးစီးပွားပြုကြသူ များမှာ တစ်နှစ်လျှင် ရှစ်သီးစားအဖြစ် ဝင်ငွေကောင်းများရရှိကြပါသည်။ လက်ဖက်ပင်သည် စတင်စိုက်ပျိုးချိန် ငါးနှစ်သို့မဟုတ် အနည်းဆုံး သုံးနှစ် ကြာလျှင် အရွက်ခူးရရှိနိုင်သော စိုက်ပျိုးသီးနှံပင်မျိုးဖြစ်ကြောင်း ပင်းတယ လက်ဖက်စိုက်တောင်သူများနှင့် လက်ဖက်ခြောက်လုပ်ငန်းရှင်များထံမှ သိရ သည်။ စာရေးသူသည် ပင်းတယမြို့ ဈေးတန်းရပ် (၈၂/၉၈)နေ ဦးဘရွှေ-ဒေါ်ရီရီအောင်တို့၏(လက်ဖက်စိမ်း) ပင်းတယဂရင်းတီး (Pin Ta Ya-Green Tea) လက်ဖက်ခြောက်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်ထုတ်လုပ်နေသည့်လုပ်ငန်း ခွင်သို့ နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီတွင် သွားရောက်ကွင်းဆင်းလေ့လာ ခဲ့ပါသည်။

လုပ်ငန်းရှင်ဦးဘရွှေက "ကျွန်တော်အခု လက်ဖက်လုပ်ငန်းနည်းပညာ သစ်တစ်ခုကို လေ့လာခဲ့ပြီး ပင်းတယရိုးရိုးလက်ဖက်ခြောက်ထက် ပိုမိုအရသာ ရှိမယ့်(Green Tea)လက်ဖက်ခြောက်ကို ၂၀၁၃ ခုနှစ်အစပိုင်းမှ စတင်စမ်းသပ် ထုတ်လုပ်လျက်ရှိပါတယ်။ အောင်မြင်စွာ ထုတ်လုပ်နိုင်တဲ့အဆင့်ကို ရောက်ရှိ သွားပါပြီ။ အခုလို ဒီအဆင့်မြင့်ဂရင်းတီးလက်ဖက်ခြောက်ထုတ်လုပ်နိုင်ဖို့ နည်းပညာသစ်တစ်ရပ်ကိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံလက်ဖက်အသင်းက ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဦးကျော်သီဟနဲ့ (ရှမ်းပြည်နယ်တောင်ပိုင်း လက်ဖက် အသင်းစု)တာဝန်ခံဒေါ်နီလာဦးတို့က နည်းပညာဖြန့်ဝေပေးခဲ့ခြင်းကြောင့် အခုလိုထုတ်လုပ်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဂရင်း(န်)တီးကို သောက်သုံးခြင်း အားဖြင့် ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကတော့ သောက်သုံးသူ၏ ဦးနှောက်ကို ကြည်လင်လန်းဆန်းပြီး ကိုလက်စထရောအဆီကို ကျစေပါတယ်၊ အပူကြောင့် ဖြစ်ပေါ်လာတတ်တဲ့ ရောဂါအချို့ကို သက်သာစေပါတယ်။ လူတို့ရဲ့ အသည်း နှင့် (အူ)အူမကြီးလမ်းကြောင်းတစ်လျှောက်တွင်ရှိနေတဲ့ အဆိပ်အတောက် အစိုင်အခဲများကို ချေဖျက်ပေးနိုင်တဲ့ အာနိသင်ဖြစ်စေကာ ကင်ဆာရောဂါ ဖြစ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး အစွမ်းရှိတဲ့ ဆေးဖက်ဝင်လက်ဖက် ခြောက်လို့ဆိုနိုင်ပါတယ်"ဟု ဦးဘရွှေက ပြောကြားသည်။



ပင်းတယအနောက်ပိုင်းနယ်များမှ ထွက်ရှိသော (ပင်ပျိုရွက်နု) လတ်ဆတ် သန့်ရှင်းသော လက်ဖက်ရွက်များကိုသာ လက်ရွေးစင် ဆန်ခါတင်နည်းအဆင့် ငါးဆင့်ဖြင့်ရွေးချယ်ကာ ရယူအသုံးပြုထုတ်လုပ်ရပါကြောင်း၊ Green Tea ပြုလုပ်ရမည့် လက်ဖက်ရွက်သည် ရိုးရိုးလက်ဖက်ခြောက်ရွက်နှင့် ဆွတ်ခူးခြင်း မှာ မတူညီပါ။ ထို့အတွက် ပင်ပျိုရွက်နုအရွက်များကို ဆွတ်ခူးရာတွင် မွန်းတည့်ချိန်မတိုင်မီ ဆွတ်ခူးရရှိထားသော လက်ဖက်ရွက်နုများကိုသာ Green Tea အဖြစ်ပြုလုပ်၍ရနိုင်သည်။ မွန်းတည့်ချိန်ကျော်လွန်ခါမှ ခူးဆွတ်သော လက်ဖက်ရွက်သည် ရိုးရိုးလက်ဖက်ခြောက်အတွက်သာ အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် သတ်မှတ်ထားသည့် အချိန်နာရီအတွင်း ဆွတ်ခူးရရှိထားသော ပင်ပျိုရွက်နုလက်ဖက်ဖြစ်၍ Green Tea ဟု သတ်မှတ်ထားရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အော်ဂဲနစ်ဆေးဖက်ဝင် လက်ဖက်ခြောက်ဖြစ်ပါကြောင်း ဦးဘရွှေက စာရေးသူတို့အား အသင့်ပြင်ဆင်ထားသော Green Tea နမူနာကို ညွှန်ခံတိုက်ကျွေးရင်း ရှင်းလင်းပြောပြသည်။

ဆက်လက်ပြီး ဦးဘရွှေက လက်ဖက်စိုက်ပျိုးသည့် ပင်းတယနယ်မှ ဓနု တိုင်းရင်းသားများထံမှ Green Tea ပြုလုပ်နိုင်ရန်အတွက် လက်ဖက်ကုန်ကြမ်း များကိုဝယ်ယူရာတွင် ဖော်ပြခဲ့သော အဆင့်တန်းဝင် လက်ဖက်စိုများကို တစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ လက်ရွေးစင်အခြောက်ကို တစ်ပိဿာ ကျပ် ၅၀၀၀ ဈေးဖြင့် ဝယ်ယူရပါကြောင်း၊ ယင်းနောက် မိမိတို့ အလုပ်ရုံတွင် ထပ်မံ၍ အဆင့်ငါးဆင့်ဖြင့် သတ်မှတ်ကာ ထပ်မံရွေးချယ်ရယူပြီးမှသာလျှင် ကုန်ချောအဆင့်သို့ ပြုလုပ်တင်ပို့ရောင်းချရပါကြောင်း၊ မိမိတို့သည် မူလ သာမန် ရိုးရိုးပင်းတယလက်ဖက်ခြောက်များမှ ယခုကဲ့သို့ အဆင့်မြင့် နည်းပညာကို အသုံးပြုပြောင်းလဲထုတ်လုပ်လိုက်သော (Pin Ta Ya-Green Tea)လက်ဖက်ခြောက်ကို တင်ပို့ရောင်းချမည့် အဆက်အသွယ်များပြုလုပ်ကာ လာမည့် ၂၀၁၄ ခုနှစ် မတ်လအတွင်း ပြည်တွင်းစီးပွားရေးဈေးကွက်သို့ ရောက်ရှိလာနိုင်တော့မည်ဖြစ်ပါကြောင်းနှင့် ဤသို့သော စီးပွားရေး အခွင့် အလမ်းများရရှိလာခြင်းကြောင့် မိမိတို့ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီး အတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားများအားလုံး၏ ဒေသန္တရ လက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်း ပိုမိုတိုးတက်လာနိုင်မည်ဟု ယုံကြည်မိပါ ကြောင်းနှင့် ပြည်တွင်းစီးပွားရေးဈေးကွက်တွင်သာမက ပြည်ပစီးပွားရေးဈေး ကွက်သို့ပါ တင်ပို့ရောင်းချနိုင်မည့် ပင်းတယဂရင်း(န်)တီး (Pin Ta Ya - Green Tea)ဖြစ်လာစေရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ပါကြောင်း ပြောပြသည်။ ။

## မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၄**

၂၀၁၃ ခုနှစ် မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁ ရက် ညနေ ၃ နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ယင်းဘောလုံးပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ ကျေးရွာဘောလုံးအသင်း ပေါင်း ၃၆ သင်းဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲတွင် လှိုင်းဘုန်းကျေးရွာဘောလုံးအသင်း နှင့် မဲဇလီပုသိမ်စုကျေးရွာ ဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လှိုင်းဘုန်းကျေးရွာဘောလုံးအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲ သွားသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ တတိယဆုရရှိသော တုံးလှဲချောင်း ခနစည်းစိမ်ဘောလုံးအသင်းအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြု ကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဇင်က ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ ဒုတိယဆု ရရှိသော မဲဇလီပုသိမ်စုကျေးရွာ ဘောလုံးအသင်းအား မြို့နယ်ရဲတပ် ဖွဲ့မှူး ရဲမှူးမင်းသိန်းက ဆုတံဆိပ်နှင့် ဆုငွေများကိုလည်းကောင်း၊ ပထမဆု ဖလားရရှိသော လှိုင်းဘုန်းကျေးရွာ ဘောလုံးအသင်းအား မြို့နယ်အုပ် ချုပ်ရေးမှူး ဦးဌေးမောင်ကလည်း ကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မော်ကျွန်းမြင့်အောင်)**

## လူမှုရေး/စီးပွားရေးကြော်ငြာ




## ပုလဲရတုဆုမွန်လွှာ

ချစ်ဖေဖေ **ဦးလေးကိုကိုဦး** (လဝကမှူး၊ဥတ္တရသီရိမြို့နယ်၊နေပြည်တော်) နှင့် ချစ်မေမေ **ဒေါ်ဝေဝေခင်** တို့၏ နှစ်(၃၀)ပြည့် ပုလဲရတုအကြို အခါသမယတွင် ချစ်သား၊ ချစ်သမီးများနှင့်အတူ ဘာသာ သာသနာအကျိုး၊ တိုင်းပြည်အကျိုး ထမ်းရွက်နိုင်ပါစေကြောင်းနှင့် စိန်ရတုတိုင် ကျန်းမာ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ပဏ္ဏာပို့သအပ်ပါသည်။

**ချစ်သမီး - ကိုကျော်ဇင်လတ်- မဇူလိုင်မိုး**
**ကိုစိုင်းဇော်မြင့်- မဇူလိုင်ပိုး**
**မအိအိခင်ကို**
**ချစ်သား - မောင်အောင်မြတ်ခန့်**

## အောင်ဆန်းသူရိယလှသောင်း(ဘော်ဒါ) ကျောင်းသားဟောင်းများ (၁၉၆၁-၁၉၇၂)၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

နှစ်စဉ် ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ၄-၁-၂၀၁၄ ရက်(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ကျောင်းဓမ္မာရုံ၌ ပျော်ရွှင်စွာ ပြန်လည်တွေ့ဆုံကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
၁။ ဗိုလ်မှူးကြီးသောင်းတင်(ငြိမ်း) ၀၉- ၄၉၂၈၆၃၇၃
၂။ ဦးဖိုးသန်းမြင့်၀၉- ၇၃၁၃၁၆၃၃
၃။ ဦးထွန်းရှိန် -၀၉ ၇၃၁၀၀၈၀၄
၄။ ဦးခင်ညိုလှိုင် ၀၉- ၆၅၀၃၆၃၅
၅။ ဒု-ဗိုလ်မှူးကြီး သူရိန်နိုင်(ငြိမ်း) ၀၉- ၈၆၃၅၁၂၆

အလှူငွေများ ထည့်ဝင်/ကောက်ခံရန်အတွက် ကျောင်းသားဟောင်းများ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စိန်လုံကော်ဖီဆိုင် ဆရာစံလမ်းသို့ နံနက်စာ လာရောက်စုဝေးသုံးဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျင်းပရေးကော်မတီ**







## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၅၇၆၇၅၊ ယာဉ် လက်ဝယ်ရှိသူအမည် ဦးကောင်းမြတ်ကျော် မှတ်ပုံတင်အမှတ် [၉/ပဘန(နိုင်)၁၆၄၃၂၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက် မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

# ပခုက္ကူဆရာတော်ကြီး

## ဘဒ္ဒန္တကေ္ကန္ဒောဘာသ(အနိစ္စဆရာတော်)

## သက်တော်(၉၂)နှစ်၊ ဝါတော်(၇၂)ဝါ

ပခုက္ကူမြို့၊ လယ်ယာရွာ၊ ခမည်းတော်(ဦးတာ)၊ မယ်တော်(ဒေါ်ရွှေကြံ) တို့၏ စတုတ္ထမြောက် သားရဟန်းတော် ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ကြီး ဘဒ္ဒန္တကေ္ကန္ဒောဘာသ(အနိစ္စဆရာတော်) သည် ဗဟန်းမြို့နယ်၊ ငွေဝတ်မှုန်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၇၁(စီ)၊ ရွှေဂန္ဓဝင်ယာယီစံကျောင်းတော်၌ ၁-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ခန္ဓာဝန်ငြိမ်းတော်မူပါသည်။ အန္တိမအဂ္ဂိစျာပန ကျင်းပမည့် အစီအစဉ်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေး အကြောင်း ကြားအပ်ပါသည်။

**စျာပနဖြစ်မြောက်ရေးကော်မတီ**

**တပည့်ဒါယကာ၊ ဒါယိကာမများ**

### အမည်ပြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နေ ဦးကြည်အေး၏သား OiAc 2 နဝမတန်းမှ မောင်ခန့်စည်သူအား မောင်ကျော်ထက်ခိုင်ဟု ပြောင်း၍ ခေါ်ဆိုပါရန်။


**လမ်းကြိတ်စက်ရောင်း/ငှား**

**(၈~၁၀တန်)**

**ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂**

**ဒဂုံတောင်၊ ဇုန်(၁)၊ မန္တလေးလမ်း**


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၂၀၇/က၊ မြေကွက်တည်နေရာအမှတ် (၁၂၀၇/က)(၃၄)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးခင်မောင်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်မြင့်[၁၂/ဥကတ(နိုင်)၀၆၄၁၄၇]မှ ဂရန်ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်တင်ပြ၍နှစ်(၆၀) မြေငှားစာချုပ်(ဂရန်မိတ္တူ) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မီး သတိပြု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ညွှန့် (၄၆)နှစ်**

**District Manager (Myanmar)**

**Australian Mud Company, Oil & Gas Pty, Ltd, Adelaide, Australian**

ကျွန်တော်တို့ Mud Engineer အားလုံးကို Professional ဘဝနဲ့ အသက်မွေးနိုင်အောင် ရှေ့ဆောင်လမ်းပြပေးခဲ့တဲ့ ဆရာဦးကျော်ညွှန့် အသက် (၄၆)နှစ် ကြွေလွင့်စေသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊ ဆရာကျော် ကောင်းရာသုဂတိလားပါစေ။

**AMC Engineers-ဦးကျော်ဝင်းအောင်၊ ဦးချိုနိုင်၊**
**ဦးမြင့်ဆွေ၊ ဦးကျော်နိုင်ဆွေ၊ ဦးသန့်ဇင်၊**
**ကိုနေသူရိန်၊ ကိုစိုးမိုးဟိန်း၊ ကိုမျိုးထက်**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမြအေး**

**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**

**အသက်(၆၅)နှစ်**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တာဝန်ခံပါမောက္ခချုပ်နှင့် ဝန်ထမ်းများမိသားစု**
**ဟသ်ာတတက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမြအေး**

**ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**

**အသက်(၆၅)နှစ်**

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာကြီးဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမဆုံးဖြစ်ရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**ဒေါက်တာစန်းစန်းရီ(ပါမောက္ခ၊ ဌာနမှူး)နှင့်**
**ဓာတုဗေဒဌာနမိသားစု၊ မိုးညှင်းဒီဂရီကောလိပ်**

### ဝမ်းနည်းကြေကွဲခြင်း

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး အသက်(၆၅)နှစ်သည် ၂၉-၁၁-၂၀၁၃ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
**ဟန်ယန်းတက္ကသိုလ်၊ ကိုရီးယားနိုင်ငံ**

### ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) အသက်(၈၉)နှစ်**

**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) (မင်းလှ)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ-ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့် တို့၏ ချစ်လှစွာသော အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း)သည် ၂၉-၁၁-၂၀၁၃ရက် ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမြအေး**

**အသက်(၆၅)နှစ်**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ထားဝယ်တက္ကသိုလ်မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်လွင်(အောင်ဥပဒေ)**

**အဖွဲ့ဝင်၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**
**တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ်**

၁-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ရန်ကုန်တက္ကသိုလ်၊ဥပဒေပညာ (4th Batch)**

### ဝမ်းနည်းကြေကွဲခြင်း

ဇေယျကျော်ထင်ဗိုလ်မှူးကြီးပေါလ်ထွန်းရှိန်(ကြည်း-၅၇၇၅) တပ်မမှူး အမှတ်(၇၇)ခြေမြန်တပ်မ(ငြိမ်း)၊ ဗိုလ်သင်တန်း အမှတ်စဉ်(၃) အသက်(၉၀)သည် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးတင်ထွန်းဦး(ငြိမ်း)နှင့်ဒေါ်ဝါဝါဝင်းမိသားစု**
**ဒေါ်မြသန္တာထွန်း**

### ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဝါဝါဦး(ကလေးအထူးကုဆရာဝန်ကြီး၊ ခုတင်-၃၀၀ သင်ကြားရေးဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး) အသင်းဝင် ဒေါက်တာ လှသိန်းထွန်း(သမားတော်) အသက်(၅၀)သည် ၂၆-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံဆရာဝန်အသင်း(တောင်ကြီး)**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးငွေးကြည်(B.E, Civil)**

**ဓာတ်ပုံစက်မှုတက္ကသိုလ်**

**အသက်(၆၃)နှစ်**

မော်လမြိုင်မြို့၊ အမှတ်(၃၉၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်စု)၊ ဒေါ်မြစိန်တို့၏သား၊ (ဒေါ်တင်မြင့်)၏ခင်ပွန်း၊ ဦးလှမြင့်မောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ MPPE) (MD, New Day Energy Co.,Ltd)-ဒေါ်စုစုတီ(ရတနာစုမောင် ရတနာရောင်းဝယ်ရေး)တို့၏ မောင်သည် ၂-၁၂-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**New Day Energy Co.,Ltd.**
**ဝန်ထမ်းမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာမြအေး**

**ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ၂၉-၁၁-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခနှင့် ဆရာမများ**
**အင်ဂျင်နီယာဓာတုဗေဒဌာန၊**
**မန္တလေးနည်းပညာတက္ကသိုလ်**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွဋ်လှိုင်မှီ အသက်(၄၂)နှစ်**

**(ISN MATG/FG)**

အငြိမ်းစား ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လေကြောင်း (FMR CHAIRMAN MAI) ဦးတင်လှိုင်မှီ-ဒေါ်မြမြသန်း(ခ)LAUNA U.B.A (ငြိမ်း)တို့၏ သား၊ ဒေါ်ခင်မာအေး၏ ခင်ပွန်း ဦးထွဋ်လှိုင်မှီ အသက်(၄၂)နှစ်သည် ၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်ဦး-ဒေါ်မြင့်မြင့်စိန် မိသားစု M.A.I & U.B.A (ငြိမ်း)**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးညွှန့်ဆွေ(ခ)ဦးကုလားကြီး အသက်(၆၇)နှစ်**

**(ပန်းတောင်းမြို့နယ်အသင်း)**

ဦးညွှန့်ဆွေ(ခ)ဦးကုလားကြီးသည် ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးကိုကိုလတ်)-ဒေါ်မို့မို့အေး**
**ဦးအောင်နိုင်မြင့်-ဒေါ်ချိုချိုအေး**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးငွေးကြည်(B.E, Civil)**

**ဓာတ်ပုံစက်မှုတက္ကသိုလ်**

**အသက်(၆၃)နှစ်**

မော်လမြိုင်မြို့၊ အမှတ်(၃၉၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးကျင်စု)၊ ဒေါ်မြစိန်တို့၏သား၊ (ဒေါ်တင်မြင့်)၏ခင်ပွန်း၊ ဦးလှမြင့်မောင် (ညွှန်ကြားရေးမှူး-ငြိမ်း၊MPPE) (MD,New Day Energy Co.,Ltd.)-ဒေါ်စုစုတီ (ရတနာစုမောင် ရတနာရောင်းဝယ်ရေး)တို့၏ မောင်သည် ၂-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**New Day Engergy Co.,Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

**ဆရာ ဦးစန်းရှိန်**

**(စင်ထရယ်)အထက(၁)လသာ(ငြိမ်း)**

**အသက်(၇၁)နှစ်**

ဆရာ ဦးစန်းရှိန် အထက်တန်းပြ(ငြိမ်း)၊ အပူဇော်ခံဆရာကြီးသည် ၉-၁၁-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အပူဇော်ခံဆရာကြီး/ဆရာမကြီးများ၊**
**ကျောင်းသားဟောင်းကြီးများ၊**
**(၁၉၆၅-၁၉၈၅)(စင်ထရယ်)အထက(၁)လသာ**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရင်ကြိုင်**

**အသက်(၇၉)နှစ်**

ဒေါ်မြင့်မြင့်မော် (ဌာနခွဲစာရင်းကိုင်)၏ မိခင် ဒေါ်ရင်ကြိုင် အသက်(၇၉)နှစ် သည် ၃၀-၁၁-၂၀၁၃ (စနေနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

ယနေ့ မာတိကာ

ရောဝတီတိုင်းဒေသကြီး
ငရုပ်ကောင်းမြို့၌
စက်ရုံစီမံကိန်းတည်ဆောက်မည်
စာမျက်နှာ - ၅

ကုန်းလမ်းပို့ဆောင်ရေး
ကဏ္ဍဖွံ့ဖြိုးရေး
မြန်မာ-ဂျပန်ဆွေးနွေး
စာမျက်နှာ - ၁၀

ပုဂ္ဂလိကအခန်းကဏ္ဍ
မြှင့်တင်ရေးဆောင်ရွက်
စာမျက်နှာ - ၁၁

# နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင်နှင့် အရည်အသွေးမြင့်မားလာအောင် ပိုင်းဝန်းကြိုးစား



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မျက်စိဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက လားရှိုးမြို့ ကန်မိန်းပရိယတ္တိစာသင်တိုက်ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းဝင်းအတွင်းရှိ စူဠာမုနိ အဘယဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြပြီး ရတနာစိန်ဖူးတော်၊ ခတ်တော်ကြုတ်၊ ငှက်မြတ်နားတော်နှင့် ရွှေပန်းခိုင်တို့ကို ကန်မိန်းကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်ကာ စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ထို့ပြင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အဆိုပါ မန်ဆူရှမ်းကျောင်းဝင်းအတွင်း၌ မဟာဗုဒ္ဓဝင်ပြတိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် အုတ်မြစ်တော်စီမင်္ဂလာသို့တက်ရောက်ပြီး ရတနာအုတ်မြစ်များ စီသွင်းပူဇော်ခဲ့ကြသည်။

ယနေ့ရွှေထီးတော်တင်သည့်စေတီတော်နှင့် မဟာဗုဒ္ဓဝင်ပြတိုက်အတွက် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက ငွေကျပ် သိန်း ၉၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက် (၆)ရှိရွှေလီမောဝ်ခမ်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ဆရာတော်အားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# မြန်မာအမျိုးသမီးခြင်းလုံးအသင်းက ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးလိုက်ပြီ

**နေပြည်တော် ဒီဇင်ဘာ ၄**

